မိုးကုတ်ကျေးရွာ

ပုသိမ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိုးကုတ်ကျေးရွာ၊ ပုသိမ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၅ - ၂၆) ရက်

# မာတိကာ


မာတိကာ

**အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ** **၁**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၁

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၁

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၄

ဇယား ၄ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၅

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ ၆

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၇

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၇

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၈

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု ၉

**အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ** **၁၁**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၁၁

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၁၂

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၁၂

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၁၃

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း ၁၄

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၁၅

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၁၅

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၁၆

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၁၇

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၁၇

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ ၁၈

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ ၁၉

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ ၂၁

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၂၁

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း ၂၂

ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ ၂၃

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ ၂၄

ဇယား ၂၇ ပညာရေး နှင့် စာတတ်မြောက်မှု ၂၅
ဇယား ၂၈ ကျောင်းတက်နှုန်း ၂၆
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု ၂၆
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ ၂၇
ဇယား ၃၁ အဖြစ်များသော ရောဂါများ ၂၈
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၂၈
ဇယား ၃၃ သောက်သုံးရေ ရရှိမှု ၂၉
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ ၂၉
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ ၃၀
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၃၁
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ ၃၁
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ ၃၁
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၃၂
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၃၂
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၃၃
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ ၃၃
**အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၃၄**
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ ၃၄
ဇယား ၄၄ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၃၇
**အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ ၄၀**
ဇယား ၄၅ (က) ဦးစားပေး စီမံကိန်းများ ၄၀
ဇယား ၄၅ (ခ) စီမံကိန်း ကာလ ၄၃
ဇယား ၄၅ (ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၄၄
**အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက် ၄၅**
ဇယား ၄၆ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၄၅

## အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

## ၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၄ | ၄ | ၈ | ၁.၀၃ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၃၁ | ၁၇ | ၄၈ | ၆.၁၉ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၁ | ၃၂ | ၅၃ | ၆.၈၃ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၃၄ | ၄၁ | ၇၅ | ၉.၆၆ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၂၆၇ | ၂၇၂ | ၅၃၉ | ၆၉.၄၆ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၂၃ | ၃၀ | ၅၃ | ၆.၈၃ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | ၃၈၀ | ၃၉၆ | ၇၇၆ | | |
| **အိမ်ထောင်စုပေါင်း = ၁၅၅** | | **၅ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၅) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၇၇၆) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ (၆၉.၄၆) % ရှိပြီး၊ မှီခိုသူ ဦးရေမှာ (၃၀.၅၄) % ရှိပါသည်။

## ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | *စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၅ | ၂၉.၀၃ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၄ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၄၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၆၅ | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၃.၂၄ | ၇ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျွန်း၊ ရာသီအလိုက် အလုပ်သမား | ၈၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၅၅** | **၀** | **၅၆** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၅၃၉) ဦးဖြစ်ပြီး ကျား (၂၆၇) ဦး နှင့် မ (၂၇၂) ဦး ရှိသောကြောင့် ကျားမ လုပ်သားအင်အား ညီမျှမှု ရှိပါသည်။ မိုးကုတ်ကျေးရွာ၏ လယ်လုပ်ငန်းကို အဓိက လုပ်ကိုင်သူ အိမ်ထောင်စု (၄၅) စု ရှိပြီး စုစုပေါင်း အိမ်ထောင်စု၏ (၂၉) ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာ အတွင်း လက်လီဈေးသည် လုပ်ကိုင်သူမှာ အိမ်ထောင်စု (၅) စု ရှိပြီး (၃.၂၄) ရာခိုင်နှုန်း ရှိပါသည်။ ပန်းရံ၊ လက်သမား လုပ်ငန်းဖြင့် အိမ်ထောင်စု (၁) စု အသက်မွေးလုပ်ကိုင်ပြီး၊ ကျေးရွာ၏ (၁၀၄) အိမ်ထောင် စုမှာ ကျဘမ်းလုပ်ငန်း လုပ်ကိုင်ကြသူများပြီး လယ်ပိုင်ရှင် များထံ အလုပ်လုပ်ကြသည်။ တစ်နေ့လျှင် အမျိုးသား တစ်ဦးလုပ်အားခ (၄၀၀၀) ကျပ် နှင့် အမျိုးသမီးတစ်ဦး လုပ်အားခ (၃၀၀၀) ကျပ် ရရှိပါသည်။ ပုသိမ် နှင့် ရန်ကုန်သို့ သွားရောက်လုပ်ကိုင်သူ များပြားပါသည်။ ကျဘမ်းလုပ်ငန်း လုပ်ကိုင်ကြသူများ၏ (၈၀) ရာခိုင်နှုန်းမှာ တခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ များသောအားဖြင့် အရောင်းစာရေး၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၊ အထည်ချုပ်စက်ရုံ၊ ရွှေပြည်နန်းကုမ္ပဏီ၊ အိမ်ဖော် စသည်ဖြင့် လုပ်ကိုင်ကြသည့်အရေအတွက်မှာ များပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၂၈ | သင့် | | နွေစပါး - စိုက်ဧက (၁၀၀) တွန်ပလွန်ချောင်းမှရေသွင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၇၅ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | မရှိ | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| ရွှေ့ပြောင်း တောင်ယာ | မရှိ | | | |
| ကိုင်း/ကျွန်းမြေ | မရှိ | | | |
| စားကျက်မြေ | ၁၀၀ | သင့် | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | ၅၀ | သင့် | | |
| အခြား | | | | |
| **စုစုပေါင်း** | ၆၅၃ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

စိုက်ပျိုးမြေအားလုံးမှာ လယ်မြေများ နှင့် ဥယျာဉ်ခြံမြေများသာ ဖြစ်ပါသည်။ လယ်မြေ (၄၂၈) ဧကခန့် ရှိပြီး ဧကအများစုမှာ ရေနက်ကွင်းများ ဖြစ်ပါသည်။ ထို့ကြောင့် ရေကြီး ရေမြုပ်ဒဏ်ခံ ရာသီစပါးများ ဖြစ်သော ပေါ်ဆန်းရင်၊ ဧရာဝတီပေါ်ဆန်းမျိုးများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ နွေစပါးကို စိုက်ဧက (၁၀၀) ဝန်းကျင်ခန့် စိုက်ပျိုးကြသည်။ စပါးစိုက်ပျိုးသည့် မြေများသည် ဓာတ်မြေသြဇာများ ထည့်သွင်းမှု လွန်ကဲခြင်း၊ မြေဆီလွှာပြုပြင်သည့် လုပ်ငန်းစဉ်များ ထိရောက်စွာ လုပ်ကိုင်နိုင်မှု အားနည်းခြင်းကြောင့် မြေဆီလွှာ အဆင့်အတန်း နိမ့်ကျသွားပါသည်။ ကျေးရွာ၏ မိုးစပါးစိုက်ပျိုးမှု အတွက် ရေအရင်းအမြစ်မှာ မိုးရေကို အဓိက အားထားပြီး၊ နွေစပါးအတွက်ကိုမူ တုံပလုံချောင်းမှ သွင်းယူကြပါသည်။ ဥယျာဉ်ခြံမြေများတွင် သီဟိုသရက်ပင်ကို အဓိကထား စိုက်ပျိုးပြီး၊ ကွမ်း၊ ရာဘာ၊ ပျဉ်ကတိုး တို့ကိုလည်း စိုက်ပျိုးကြပါသည်။ သီဟိုစေ့ တစ်ပိဿာလျှင် ကျေးရွာပေါက်ဈေးမှာ (၄၀၀) ကျပ် ဖြစ်ပါသည်။ ကျေးရွာမှ သတ်မှတ်ထားသော စားကျက် မြေ (၁၀၀) ဧက ရှိပါသည်။

## ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | မရှိ | |
| ဓာတ်သတ္တု (ဂဝံ) | သင့် | ခက် |
| **အခြား သဘာဝ အရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)(နလင်ကျော် ပင်၊ တပင်ရွှေထီး) | ရှိ | လွယ်ကူပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် ဂဝံကျောက် ထုတ်လုပ်နေမှုကို တွေ့ရှိရပြီး စီးပွားဖြစ် လုပ်ကိုင်နိုင်သည်တော့ မဟုတ်ပေ။ အခြားသဘာဝ အရင်းအမြစ်များဖြစ်ကြသော ရှားပါးတိရစ္ဆာန်မျိုးစိတ်များ မတွေ့ရှိသော်လည်း ဆေးဖက်ဝင် အပင်မျိုးစိတ်များဖြစ်သည့် နလင်ကျော်ပင်နှင့် တပင်ရွှေထီး စသည့်တို့ကို ပေါများ လွယ်ကူစွာ ရရှိပါသည်။ နလင်ကျော်ပင်ကို အနာအတွက် အသုံးပြုပြီး တပင်ရွှေထီးပင်ကိုမူ ဆီးလမ်းကြောင်းရောဂါများအတွက် အသုံးပြု ကြပါသည်။

## ၁.၄ ဥစ္စာဓနေ အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | လယ် ဧက(၂၀) ကျော် | လယ် ဧက(၁၀) မှ (၂၀) ကြား | လယ် ဧက(၅) မှ (၁၀) ကြား | လယ် ဧက(၅) အောက်၊ မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး၊ ပျဉ်ထောင် | ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ သွပ်မိုး ပျဉ်ခင်း/ကာ | ဓနိမိုး၊ဓနိကာ၊ ဝါးခင်း၊ ဝါးတိုင် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်၊ ရေစုပ်စက်၊ခြွေစက် | အသေးစားထွန်စက်၊ | အနည်းငယ်ရှိ | မရှိ |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင် ဆိုင်မှု | ဆိုင်ကယ်-၁ စီး ဆိုလာ၊ TV | ဆိုင်ကယ်ရှိ | အနည်းစုသာရှိ | အနည်းစုသာရှိ |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ် ဝင်ငွေ | ပိုလျှံ | မျှတ | အကြွေးအနည်း ငယ်ရှိ | မလောက်ငှ |
| အခြားပိုင်ဆိုင်မှု | ကျွဲ၊နွား၊ကြက်၊ ဝက်မွေး | ကျွဲ၊နွား၊ကြက်၊ဝက် မွေး | ကြက်၊ဝက်မွေး | ကြက်၊ဝက်မွေး |
| **စုစုပေါင်း** | **(၃၅)အိမ် (၂၂.၅၈%)** | **(၁၉)အိမ် (၁၂.၈၆%)** | **(၁၉)အိမ် (၁၂.၈၆%)** | **(၈၂)အိမ် (၅၂.၉၀%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ ဖြစ်ကြပါသည်။ (၆၀) ရာခိုင်နှုန်းမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြပါ

သည်။မြေယာ အနည်းငယ်သာ ပိုင်ဆိုင်ပြီး၊ ဝင်ငွေ နည်းပါးကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ တစ်နှစ်လျှင် ဝင်ငွေကျပ် သိန်း (၂၀) ခန့် ရရှိကြပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၇၆ | ၇၅.၀၀ % | လုပ်အားကြိုတင်ကြွေးယူခြင်း |
| ၃ လနှင့် ၅ လ အထိ | ၁၈ | ၁၇.၁၆ % | လုပ်အားကြိုတင်ကြွေးယူခြင်း |
| ၆ လမှ ၁၂ လ အထိ | ၇ | ၇.၁၄ % | ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ခေါက်ပြန်ကြွေးယူခြင်း။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် (၆) လမှ (၁၂) လအထိ စားနပ်ရိက္ခာ ဖူလုံမှုရှိနေသည့် အိမ်ထောင်စု (၇) စု ရှိ၍ (၃) လ မှ (၅) လအထိ ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု (၁၈) စု နှင့် (၃) လအောက် ဖူလုံသူ (၇၆) စု ရှိပါသည်။ ၎င်းတို့သည် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ခေါက်ပြန်ကြေး အကြွေးယူခြင်း၊ လုပ်အားကြိုတင်ကြွေးယူခြင်းတို့အပြင် လုပ်အားခဖြင့် ဝယ်ယူခြင်းစသည့် နည်းလမ်းများဖြင့် ဝမ်းစာကို ဖြည့်တင်းကြပါသည်။

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | မရှိ | မရှိ | |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုရှိ | ၁ | ၂ | ၃ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၇ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၂ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၃ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သော မိသားစု၊ ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်

စုများ နှင့် မြေယာမဲ့ကျဘမ်း၊ နေ့စား အိမ်ထောင်စုများဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ ကျေးရွာအတွင်း အများစုဖြစ်ကြပြီး၊ စားကြွေး တင်နေကြသူများလည်း ဖြစ်ပါသည်။ ရာသီချိန် မတိုင်မီ အကြွေးယူစားသုံးနေရပြီး၊ အလုပ်ချိန် ရောက်လာလျှင် လုပ်အားဖြင့် ပြန်လည် ပေးဆပ်ရသော အိမ်ထောင်စုများလည်း ဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်း အလုပ်များ လုပ်ရန် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပါက ရပ်တည်ရန် ခဲယဉ်းသဖြင့် ထိခိုက် လွယ်သူများ ဖြစ်ကြပါသည်။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါးစိုက်ပျိုးထုတ်လုပ်သူ အများစု နေထိုင်ခြင်း။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | နိမ့် | လယ်မြေဧက ပေါများ၍ နွေစပါး စိုက်ပျိုးရန်နှင့် ဆောင်းသီးနှံ အခင်းများစိုက်ရန် အခြေအနေ ပေးပါသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | မုန်တိုင်း | နိမ့် | အပြင်းအထန် ကြုံတွေ့ခဲ့ဖူးခြင်း မရှိပါ။ |
| ၆ | ငလျင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်း မှု | နိမ့် | |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၂ | တီဘီရောဂါ | နိမ့် | |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ပုသိမ်မြို့ နှင့် (၈) မိုင်အကွာအဝေး တွင်တည်ရှိခြင်း |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အရေးကြုံလာပါက အခြား အိမ် ထောင်စု များကဲ့သို့ ပြင်ပတွင် ထွက်၍ အလုပ် လုပ်ကိုင်ရန် မလွယ်ကူပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသား တောင်သူ | လတ် | အရေးကြုံလာပါက အခြားအိမ် ထောင်စု များကဲ့သို့ ပြန်လည် ထူထောင်ရန် မလွယ်ကူခြင်း။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာက ျရောက် နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | မရှိ | |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများေ ာနေရာ (Prone to accident) | မရှိ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ ပြောင်းခံရသူများ(IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | ငါးမွေးမြူရေးကန်ဖြင့် လုပ်ကိုင်သူ မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျဘမ်း | နိမ့် | |
| ၁၁ | လူနည်းစု လူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်း ပဋိပက္ခဇရိယာ | မရှိ | |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | |
| ၁၅ | ဆေးစွဲသူများ | မရှိ | |
| ၁၆ | ကူးစက်ရောဂါ ရနိုင်ခြေ ရှိသော သူများ | နိမ့် | ဘာသာရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ World Vision တို့မှ ပညာပေး ဟော ပြောခြင်း |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၁၉ | ကားသမား | မရှိ | |
| ၂၀ | အခြား | နိမ့် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးအန္တရာယ် တစ်ခုခုနှင့်ကြုံတွေ့ပါက အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ပြင်ပနေရာ ဒေသများသို့ ထွက်၍ အလုပ်လုပ်ကိုင်ရန် မလွယ်ကူသဖြင့် ထိခိုက်မှု ရှိနိုင်ပါသည်။ ထို့အပြင် ဆင်းရဲသား အိမ်ထောင် စုများနှင့် မြေယာမဲ့ အိမ်ထောင်စုများသည်လည်း အရေးကြုံလာပါက အခက်အခဲ ဖြစ်နိုင်ပါသည်။

မြေအမြင့်ပိုင်းတွင် ရွာတည်ထားခြင်းကြောင့် ရေလွှမ်းမိုးမှုကြောင့် ဘေးအန္တရာယ်ကျရောက်မှု အလားအလာ နည်းပါးပါသည်။ (World vision) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကျန်းမာရေးပညာပေး ဟောပြောပွဲများ ရရှိခြင်းကြောင့် နားလည်သဘောပေါက်မှု ရှိ၍ ကူးစက်ရောဂါကြောင့် ထိခိုက်နိုင်မှု နည်းပါးပါသည်။

## အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း | စွမ်း ဆောင် |
|---|---|---|---|---|---|---|

| | | (၁/၂/၃) | ကျား | မ | ပေါင်း | | သူများ (၄/၅) | နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ဖွံ့ဖြိုးရေးအထောက် အကူပြုအဖွဲ့ | ၃ | ၂ | ၀ | ၂ | ဖွံ့ဖြိုးရေး | ၅ | ၆ |
| ၂ | ဘာသာရေးအဖွဲ့ | ၂ | ၁၇၀ | ၁၆၀ | ၃၃၀ | ဘာသာရေး၊ သာရေး နာရေး | ၄ | ၆ |
| ၃ | အမျိုးသမီး ရေးရာ | ၂ | ၀ | ၁၅ | ၁၅ | အမျိုးသမီး ကဏ္ဍ | ၅ | ၈ |
| ၄ | ပညာရေးအဖွဲ့ | ၂ | ၈ | ၁၀ | ၁၈ | ပညာရေး ကိစ္စရပ်များ | ၄ | ၇ |
| ၅ | မီးသတ် | ၂ | ၁၂ | ၀ | ၁၂ | မီးဘေး | ၅ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | World Vision | ၅ | ပညာရေး နှင့် ဖွံ့ဖြိုးရေး |
| ၂ | PACT-Myanmar | ၅ | အသေးစားချေးငွေ |

| | | | |
|---|---|---|---|
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ**

**World Vision** အဖွဲ့မှ ပညာရေးအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာ နှင့် ကျောင်းပြင်ဆင် ဆောက်လုပ်ခြင်း၊ ဆေးခန်း၊ မူကြို၊ မိုးရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများ ပံ့ပိုးပေးခဲ့ ပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပံ့ပိုးရန် စီမံလျှက်ရှိပါသည်

**PACT-Myanmar** အဖွဲ့မှ ငွေချေးခြင်းလုပ်ငန်းများကို လုပ်ကိုင်လျှက် ရှိပြီး၊ အဖွဲ့ဝင်ဦးရေ (၄၀) ရှိပါသည်။ (၂) ပတ်တစ်ကြိမ် ပြန်ဆပ်ရန် နှင့် (၁) နှစ်အတွင်း အကြေဆပ်ရန် ဖြစ်ပါသည်။ (၂.၅) ကျပ်တိုး (လတိုး) ဖြစ်ပါသည်။

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၀ | ၇၀.၉၆% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက်တာထိ) | ၁ | ၀.၆၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟက်တာထိ) | ၁၃ | ၈.၃၉% | တောင်သူငယ် |
| ၄ | ၅ ဧက မှ ၁၂.၅ ဧကကြား (၅ ဟက်တာထိ) | ၁၇ | ၁၀.၉၇% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧကအထက် | ၁၄ | ၉.၀၃% | တောင်သူကြီး |

| | | | | |
|---|---|---|---|---|
| | (၅ ဟက်တာနှင့် အထက်) | | | |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၁၅၅ | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်မြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏ (၂၉) ရာခိုင်နှုန်းခန့် ရှိ၍ စပါး စိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဟု ဆိုရမည် ဖြစ်ပါသည်။ (၁၂.၅) ဧက အထက် ပိုင်ဆိုင်သည့် တောင်သူ (၁၄) ဦး၊ (၅ - ၁၂.၅) ဧကကြား (၁၇) ဦး၊ (၂.၅ - ၅) ဧကကြား (၁၃) ဦးနှင့် (၂.၅) ဧကအောက် (၁) ဦး ရှိပါသည်။ စုစုပေါင်း လယ် (၄၂၈) ဧက ရှိ၍ မိုးစပါးတွင် ပျိုးထောင် ကောက်စိုက်လုပ်ငန်းများအတွက် မြေယာမဲ့လုပ်သားများကို မှီခိုအားထားရပါသည်။

## ၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | | | |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |
| ၈ | ချောင်း | | ၁၀၀ | တစ်နှစ်ပတ်လုံးရရှိနိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွေစပါးစိုက်ပျိုးခြင်းကို တွန်ပလွန်ချောင်းမှ ရေတင်စိုက်ပျိုးကြပါသည်။ တွန်ပလွန်ချောင်းနှင့် နီးသော လယ်မြေ ဧက (၁၀၀) ခန့်သာ စိုက်ပျိုးနိုင်ပြီး အနည်းငယ်ကုန်းကျသော မြေများမှာ ရေနှင့် အလှမ်းဝေးခြင်းကြောင့် စိုက်ပျိုး နိုင်ခြင်းမရှိပါ။

## ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | သီးနှံ | သွင်းအားစု | အမြတ် | |
|---|---|---|---|---|---|---|---|

| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | စိုက်ပျိုးသည့်ကာလ | လိုအပ်ချက် (နိမ့်/လတ်/မြင့်) | ရရှိနိုင်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| စပါး (မိုး) | ၄၂၈ | တင်း | ၂၅ | ၅၀ | ၃၅ | ဇူလိုင် | မြင့် | နည်း | |
| စပါး (နွေ) | ၁၀၀ | တင်း | ၆၀ | ၄၀ | ၅၀ | ဒီဇင်ဘာ | မြင့် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ စိုက်ပျိုးရာတွင် ရေနက်ကွင်းများဖြစ်၍ ရေနစ်ဒဏ်ခံနိုင်သော ရာသီစပါးများကိုသာ စိုက်ပျိုးနိုင်သဖြင့် မြေဆီသြဇာ ကောင်းမွန်သော်လည်း အထွက်နှုန်း နည်းပါးပါသည်။ မိုးစပါးတွင် ဧက (၅၀) ခန့်ကိုမူ နွေစပါးမျိုးရရန်အတွက် သီးထပ်ရင်မျိုးများကို ထည့်သွင်း စိုက်ပျိုးထားပါသည်။ သဘာဝမြေသြဇာကို ပျိုးခင်းများတွင်သာ ထည့်သွင်းနိုင်ပါသည်။ ကျွဲ၊နွား ရှားပါးသွားခြင်းကြောင့် စိုက်ခင်းများအတွင်းသို့ နွားချေး သဘာဝမြေသြဇာ ထည့်သွင်းသည့် အလေ့အထများ တဖြေးဖြေး ပပျောက်လာကြသည်။ မိုးစပါးတွင် စိုက်ပြီးတစ်လအကြာ ပုလဲ၊ တီစူပါ၊ ပိုတက်အရောကို (၁) အိတ်နှုန်း ထည့်သွင်းကြပါသည်။ ရေကြီးကွင်းများဖြစ်၍ မြေသြဇာထည့်သွင်းခြင်းကို စနစ်တကျ ပြုလုပ်နိုင်ခြင်းမရှိပဲ လေလွင့်ဆုံးရှုံးမှုများနှင့် ရင်ဆိုင် ရပါသည်။

နွေစပါးတွင်မူ အထွက်နှုန်းသည် ပျမ်းမျှအားဖြင့် တစ်ဧကတင်း (၅၀) ခန့်သာ ထွက်ရှိပါသည်။ ပုလဲ (၂) အိတ် + တီစူပါ (၁) အိတ်နှုန်း အသုံးပြုကြပါသည်။ သဘာဝမြေသြဇာ ထည့်သွင်းခြင်းမရှိပဲ ဓာတ်မြေသြဇာကိုသာ အားထား စိုက်ပျိုးလာခြင်းကြောင့် နှစ်စဉ်သုံးစွဲမှုများ မြင့်တက်လာပြီး မသုံးစွဲနိုင်သည့် လယ်မြေများတွင် အထွက်နှုန်းများ လျော့ကျလာသည်ဟု ဆွေးနွေးဖော်ထုတ်စဉ် သိရပါသည်။

အကျိုးအမြတ် ရရှိနိုင်မှုမှာလည်း စပါးထွက်ရှိချိန်တွင် ကုန်သည်များ၏ ဈေးနှုန်းနိမ့်၍ ဝယ်ယူခြင်း၊ တောင်သူလယ်သမားများ၏ ၎င်းတို့ထံတွင်ရှိသော သွင်းအားစုကြွေး၊ စပါးရိတ်သိမ်းခများ၊ ချေးငွေ၊ ဘဏ်ကြွေးများ ပေးဆပ်နိုင်ရန် အတွက် ဈေးကောင်းမည့် အချိန်ကို မစောင့်ဆိုင်းနိုင်ပဲ အကြွေးကျေရန် ရောင်းချရသဖြင့် အကျိုးအမြတ် မကျန်ရှိခြင်းဖြစ်ပါသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|

| | အရေအတွက် | | |
|---|---|---|---|
| ထွန်စက် | | | |
| ရိတ်သိမ်းစက် | | | |
| လက်တွန်းထွန်စက် | ၇ | | |
| ခြွေလှေ့စက် | | | |
| ရေစုပ်စက် | ၂၇ | | |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် လက်တွန်းထွန်စက် နှင့် ရေစုပ်စက် ပိုင်ဆိုင်သူ အိမ်ထောင်စု (၂၆) စု ရှိပြီး၊ လက်တွန်းထွန်စက် သီးသန့် ပိုင်ဆိုင်သူ တစ်အိမ် ရှိပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊ဩဇာ) | ရှိ | စပါးကို နှစ်သီး စိုက်ပျိုးထုတ်လုပ်နိုင် ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | ချောင်းနားလယ်မြေများ ဧက (၁၀၀) ခန့်အတွက် နွေစပါး စိုက်ပျိုးရေ အလုံအလောက် ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | ရှိ | ပြုလုပ်သုံးစွဲရန် နည်းပညာသင်တန်းများ လုပ်ဆောင်ပေးနိုင် သည်။ |
| ဩဂဲနစ်ပိုးသတ်ဆေး | ရှိ | တောင်သူများ မည်သို့ အသုံးချရမည်ကို မသိရှိ၍ အလုမ်း ဝေးနေဆဲဖြစ်ပါသည်။ |
| ချေးငွေရရှိမှု | ရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူ ရရှိနေသော်လည်း ဧက သတ်မှတ်ချက်၊ ထုတ်ချေး ငွေပမာဏနှင့် ချေးငွေ ကာလ တို့အပေါ် ပြင်ဆင်လျှင် ပိုမို အကျိုးရှိ ပါမည်။ |
| သွင်းအားစုဈေးကွက် | ရှိ | စိုက်ပျိုးရေးကုမ္ပဏီများမှ ဓာတ်မြေဩဇာ၊ မျိုးစေ့ စသည် တို့ အတွက် လာရောက်ရင်းနှီးလုပ်ကိုင်ခြင်း မရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စပါးကို နှစ်သီး စိုက်ပျိုးနိုင်မှုရှိခြင်းကြောင့် လယ်ယာလုပ်ငန်းအတွက် အလုပ်အကိုင် အခွင့်အလမ်း နှင့် အကျိုးအမြတ် ဖြစ်ထွန်းနိုင်မှု ရှိလာနိုင်ပါသည်။ သွင်းအားစုများအတွက် ချေးငွေ အစီအစဉ်များ ရရှိလာခဲ့လျှင် စပါးစိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ စိုက်ပျိုး

နည်းစနစ် မှန်မှန် ကျင့်သုံး လာနိုင်မည် ဖြစ်ပါသည်။

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိ |
| ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု | ရှိ | စိုက်ဘဏ်၊ သ/မ၊ PACT-Myanmar တို့မှ ကာလတို ချေးငွေ နှင့် ပြန်လည် ပေးဆပ်မှု အစီအစဉ် တို့ကြောင့် ခက်ခဲ |
| သွင်းအားစုတတ်နိုင်မှု | မရှိ | |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | မရှိ | |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု | မရှိ | |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ပိုးမွှားရောဂါနှင့်ပတ်သက်၍ အသိပညာနည်းခြင်း |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | ရှိ | မိရိုးဖလာ နည်းအတိုင်းစိုက်ပျိုး၊ နည်းပညာ ဝန်ဆောင်မှု များလက်လှမ်းမီရန်မလွယ်ကူခြင်း |
| ဈေးကွက်လက်လှမ်းမှီမှု | မရှိ | ကျေးရွာသို့ ကုန်သည်များလာဝယ်၊ ပုသိမ်မြို့သို့ ရောင်းချနိုင် |
| အစိုးရမူဝါဒနှင့် အစီအစဉ် | | |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှသာ ချေးယူ ရရှိနိုင်ပါသည်။ အစိုးရဘဏ်မှ ချေးငွေမှာ ချေးငွေကာလ တိုတောင်းခြင်း၊ တစ်ဧက တစ်သိန်းနှုန်း သတ်မှတ်ထားခြင်း၊ အများဆုံး (၁၀) ဧက အတွက် (၁၀) သိန်း အထိသာ ထုတ်ချေးပေးနိုင်ခြင်းကြောင့် စပါး ထွက်ရှိချိန်တွင် ပြန်ဆပ်ရသောကြောင့် စပါးဈေးနှုန်း နိမ့်ကျနေ သော်လည်း တောင်သူလယ်သမားများမှာ မိမိတို့ စပါးကို ထုတ်ရောင်းချရသဖြင့် ရရှိမည့် အကျိုး အမြတ်များ များစွာ ဆုံးရှုံးရပါသည်။

ချေးငွေရရှိနိုင်မည့် အစိုးရဘဏ်များမှ ချေးငွေကာလကို နှစ်ရှည်ချေးပေးနိုင်လျှင်သော်လည်းကောင်း အစိုးရ အသိအမှတ်ပြု ဘဏ်တစ်ခုခုတွင် မိမိတို့ပိုင်ဆိုင်သလောက် ချေးငွေ ထုတ်ပေးနိုင်မည့် အခြေ အနေများ ရှိလာမည်ဆိုလျှင် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး စားနပ်ရိက္ခာ ဖူလုံလာစေ မည်ဖြစ်ပါသည်။

### ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **မှတ်ချက်/အခြေအနေ** |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၈ | အိမ်ခြေ (၂၈) အိမ် မှ (၉၂)ကောင်ပိုင်ဆိုင် |
| မြင်း | | |
| ကျွဲ | ၇ | အိမ်ခြေ (၇) အိမ် မှ (၁၆)ကောင်ပိုင်ဆိုင် |
| မြည်း | | |
| လား | | |
| ဆိတ် | ၈ | အိမ်ခြေ (၈) အိမ် မှ (၃၈)ကောင်ပိုင်ဆိုင် |
| သိုး | | |
| ဝက် | ၆၄ | အိမ်ခြေ (၆၄) အိမ် မှ (၁၅၃)ကောင်ပိုင်ဆိုင် |
| ကြက် | ၉၉ | အိမ်ခြေ (၉၉) အိမ် မှ (၇၀၀)ကောင်ပိုင်ဆိုင် |
| ဘဲ | ၅၂ | အိမ်ခြေ (၅၂) အိမ် မှ (၄၀၉)ကောင်ပိုင်ဆိုင် |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တစ်ပိုင်တစ်မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထားသော မိသားစု (၄၀) ခန့် ရှိကြပါသည်။ ဆောင်းရာသီနှင့် နွေရာသီ ဘဲစားကျက်၊ ရေမရှိသောကြောင့် ဥစားဘဲ မမွေးပဲ ဟင်းစားဘဲသာ မွေးကြပါသည်။ နွားမွေးမြူသူ (၂၈) အိမ်၊ ဝက်မွေးမြူသူ (၁၈) အိမ်၊ ကြက်မွေးမြူသူ (၁၂) အိမ်၊ ဆိတ်မွေးမြူသူ (၁) အိမ်၊ ဘဲမွေးမြူသူ (၇) အိမ် ပါဝင်ပြီး၊ လုံးဝ မွေးမြူရေး မလုပ်သော အိမ်ထောင်စု မှာ (၃၂) အိမ် ဖြစ်ပါသည်။

မိုးကုတ်ကျေးရွာတွင် ငါးလုပ်ငန်း လုပ်ကိုင်ခြင်း မရှိပါ။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| စားကျက်မြေ | ကျေးရွာမှ ရွာဝလေ့အရ သတ်မှတ်ထားသော စားကျက်မြေ ၁၀၀ ဧကရှိ |
| ရေရရှိမှု | တွန်ပလွန်ချောင်း နံဘေးတွင် ကျေးရွာတည်ရှိ |
| တိရိစ္ဆာန်မျိုး | ပုသိမ်မြို့ မှ တိရိစ္ဆာန် မျိုးကောင်းများ ရရှိနိုင် |
| ချေးငွေ | သ/မ၊ World Vision, PACT-Myanmar တို့မှ ချေးငွေ များ ထုတ်ချေး |

| | |
|---|---|
| သွင်းအားစုဈေးကွက် | ပုသိမ်မြို့ နှင့် (၈) မိုင်ခန့် ကွာဝေး၊ လမ်းပန်းဆက်သွယ်မှု အသင့်တင့် ကောင်းမွန် |
| ဝန်ဆောင်မှုဈေးကွက် | ပုသိမ်မြို့ နှင့် (၈) မိုင်ခန့် ကွာဝေး၊ မြို့နယ် မွေး/ကု ဦးစီးရှိ လမ်းပန်းဆက်သွယ်မှု အသင့်တင့် ကောင်းမွန် |
| ထုတ်ကုန်ရောင်းဝယ်မှု | ပွဲစားများကျေးရွာသို့ လာရောက်ဝယ်ယူနိုင်၊ ပုသိမ်မြို့ သို့ ရောင်းချနိုင် |
| အိမ်ခြံဝင်းအတွင်း မြေနေရာရှိမှု | မွေးမြူရေး အတွက် နေရာ အခက်အခဲ မရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာမှ ရွာခလေ့အရ သတ်မှတ်ထားသော စားကျက်မြေ (၁၀၀) ဧကရှိပါသည်။ တိုင်းမြို့တော်ဖြစ်သော ပုသိမ်မြို့ နှင့် (၈) မိုင်သာ ကွာဝေးသောကြောင့် တိရစ္ဆာန်မျိုးကောင်းများ ရရှိနိုင်မှုအတွက် အဆင်ပြေပါသည်။ တိရစ္ဆာန်မွေးမြူရေးအတွက် သီးသန့် စီးပွားရေးလုပ်ကိုင်မည် ဆိုပါက အဆင် ပြေနိုင်ပါသည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | ကာလတို ချေးငွေများ ဖြစ်နေခြင်း၊ ငွေချေးယူပြီး မွေးမြူမှု ဓလေ့ မရှိခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | တိရစ္ဆာန် ကျန်းမာရေး အသိပညာနည်းပါး၊ ကာကွယ်နည်းများ ပြည့်ပြည့်ဝဝ မသိရှိခြင်း။ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးမှု နည်းပါးခြင်း။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | |
| အရင်းအနှီးလက်လှမ်းမှီမှု | |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူး လိုအပ်ပါသည်။

စီးပွားဖြစ် အသားတိုးဝက် မွေးမြူရန်အတွက် စိတ်ဝင်စားသော မိသားစု (၅) ဦး ရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူလိုသူ (၃၅) ဦးခန့်ရှိပါသည်။ စီးပွားဖြစ် အသားစားကြက် မွေးမြူလိုသောသူ (၂) ဦး ရှိပြီး (၃၀၀) ကောင်စီ မွေးမြူလိုပါသည်။ အရင်းအနှီး မတတ်နိုင်ကြပါ။ နည်းပညာ အဆင့်မြှင့်ရန် လိုအပ်ပါသည်။ အရင်းအနှီးလည်း လိုအပ်နေပါသည်။

## ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | | ၄ | လတ် (ပန်းရံလုပ်ငန်း) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | | | လတ် (အပ်ချုပ်ဆိုင် - ၃) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁၄ | | | နိမ့် - လတ် (လက်လီဈေးသည် - ၅၊ အိမ် ဈေး ဆိုင် - ၇) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၂ | | | လတ် (သုံးဘီးဆိုင်ကယ် - ၂) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ပွဲစား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၈၀ | | နိမ့် (ပုသိမ် နှင့် ရန်ကုန်သို့ သွား ရောက် လုပ်ကိုင်ကြပြီး အရောင်းစာရေး၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၊ အထည်ချုပ်စက်ရုံ၊ ရွှေပြည်နန်းကုမ္ပဏီ၊ အိမ်ဖော် စသည် အရေ အတွက်မှာ များပါသည်။) |
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၂၀ | ၈၀ | ၄ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျဘမ်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် ကောက်စိုက်၊ ကောက်ရိတ်ခြင်း၊ ငါးရှဥ့်မြှုံးထောင်ခြင်း စသည်တို့ကို လုပ်ကိုင်ကြပါသည်။အလုပ်ချိန်မှာ နံနက် (၆) နာရီမှ ညနေ (၅) နာရီ အထိ ဖြစ်သည်။ ကျေးရွာ၏အဓိက စိုက်ပျိုးရေးလုပ်ငန်းမှာ လယ်လုပ်ငန်းဖြစ်ပြီး ကောက်စိုက်ချိန်နှင့် ကောက်ရိတ်ချိန်တွင်သာ အလုပ်အကိုင် အခွင့်အလမ်း သေချာပါသည်။ ထို့ကြောင့် ပုသိမ်နှင့် ရန်ကုန်သို့ သွားရောက် လုပ်ကိုင်သူများပြားပါသည်။ ကျေးရွာ၏ အလုပ်လုပ်နိုင်သူ (၈၀) ရာခိုင်နှုန်းမှာ အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ကြပါသည်။ လုပ်ကိုင်သူ အိမ်ထောင်စု အရေအတွက်မှာ ကျေးရွာ၏ (၅၀) ရာခိုင်နှုန်းခန့် ဖြစ်သည်။ များသောအားဖြင့် အရောင်းစာရေး၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၊ အထည်ချုပ်စက်ရုံ၊ ရွှေပြည်နန်းကုမ္ပဏီ၊ အိမ်ဖော်စသည်ဖြင့် လုပ်ကိုင်ကြသည့် အရေအတွက်မှာ များသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ပုသိမ်မြို့နှင့် (၈) မိုင်ခန့်သာ ကွာဝေးခြင်း၊ သလပ်ခွါ ကျေးရွာနှင့် (၂) မိုင်ခန့် သာ ကွာဝေးခြင်း | ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း |
| စိတ်ပါဝင်စားသည့်လူငယ်၊ လူရွယ်များ ရှိခြင်း | အသက်မွေးဝမ်းကြောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း |
| ငွေချေးသည့်အဖွဲ့အစည်းများ ရှိနေခြင်း (ပတ်(ထ်)မြန်မာ၊သမဝါယမ၊စသည်) | တနိုင်တပိုင် (သို့) အစုအဖွဲ့ဖြင့် ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် စွန့်စားတီထွင် လိုစိတ်နည်းခြင်း (မိရိုးဖလာ ကျဘမ်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင် ကြခြင်း) |
| အစိုးရဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုရှိခြင်း | ဈေးကွက်ဆိုင်ရာ နည်းပညာများကို မသိရှိခြင်း |
| | လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေ ပမာဏ နှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေး ဝမ်းကြောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ကျဘမ်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏ နှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ပြဿနာ နှင့် အခက်အခဲများဖြစ်နေပါသည်။

## ၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (ကီလို မီတာ) | ၃.၂ ကီလိုမီတာ (သလပ်ခွာဈေး) | ၁၃ ကီလိုမီတာ (ပုသိမ်မြို့) |
| သယ်ယူပို့ဆောင်ရေး လမ်း ကြောင်းနှင့်၎င်း၏အထောက် အပံ့များ | ကား၊ ဆိုင်ကယ်၊ စက်ဘီး | ကား၊ ဆိုင်ကယ်၊ စက်ဘီး |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်ပေးနိုင်မှု | အမျိုးစုံ (စားသောက်ကုန်၊ အဝတ် အစား၊ ဆေးဝါး၊ | အမျိုးစုံ (စားသောက်ကုန်၊ အဝတ် အစား၊ ဆေးဝါး၊ ဆောက်လုပ်ရေး၊ |

| | | |
|---|---|---|
| | ဆောက်လုပ်ရေး ပစ္စည်းကုန်) | ကုန်....) |
| ဈေးအခြေခံ အဆောက် အဦးနှင့် ဝန်ဆောင်မှု | (၁) ဆောင်၊ သွပ်မိုး၊ ဓနိမိုး | မြို့မဈေး (၅ ရုံ၊ ၉၆၃ ခန်း)၊ ကမ်းနားဈေး၊ ဘူတာဈေး၊ ကုလားကုန်း ဈေး၊ ကြက်တူရွေး စာပင်ဈေး (ဈေးလေး)၊ ဧရာမင်းဈေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တိုင်းမြို့တော် ပုသိမ် နှင့် မဝေးကွာလှသောကြောင့် ဈေးကွက် နှင့် ချိတ်ဆက်မှုမှာ အဆင်ပြေလှပါသည်။

## ၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ် ရမည့် ကာလ | အတိုး နှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | ချေးငွေ | ၇လ | ၀.၄၂ % | ချလံစာရွက် | သတ်မှတ်ထား သော စည်းမျဉ်း စည်းကမ်းအတိုင်း |
| အစိုးရဘဏ် (သမဝါ ယမ) | စုငွေ၊ချေးငွေ | ၆လ | ၁.၀၅ % | အိမ်ထောင်စုစာရင်း (မိတ္တူ)၊မှတ်ပုံတင်( မိတ္တူ) | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | ချေးငွေ၊စုငွေ | ၂ပတ်တစ်ကြိမ် ပြန်ဆပ်ရန် (တစ်နှစ်လျှင် အကြေဆပ်) | ၂.၅% | (၅) ဦးတစ်ဖွဲ့ ဖွဲ့စည်းခြင်း | သတ်မှတ်ထား သော စည်းမျဉ်းစည်းကမ်း အတိုင်း |
| အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ် | | | | | |
| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ်ချက်မရှိ (နှစ်ဦးသဘောတူညီသည့်အတိုင်း) | ၅ % | မလိုအပ်ပါ | ယုံကြည်သူမှသာ ချေး |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ** လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေး ပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများ အနေဖြင့် တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ် နှုန်းဖြင့် လုံလောက်ခြင်း မရှိချေ။ တစ်ဧက ကုန်ကျစရိတ်မှာ (၂၀၀,၀၀၀) ကျပ်ခန့် ကုန်ကျသည်။ ထို့အပြင် စိုက်ပျိုးရေး ချေးငွေကို ပြန်လည်ပေးဆပ်ရန် အချိန်ကျလာပါက စိတ်ကြိုက် ဈေးနှုန်းမရရှိဘဲ ရောင်းချရခြင်း၊ အခြားမှ ငွေတို့ဖြင့် ယူ၍ရောင်းချရခြင်း စသည့် အခက်အခဲများ ရှိနေပါသည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးမည် ဆိုပါ က ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

**သမဝယမဦးစီးဌာနမှ** ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ ထိုအဖွဲ့၏ ပုံစံမှာ ကျေးရွာတွင် ငွေစုငွေချေး သမဝါ ယမ အဖွဲ့တစ်ဖွဲ့ တည်ထောင်၍ အဖွဲ့ဝင်ဖြစ်လျှင် ငွေထုတ်ချေး နိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေး နှင့် ကျဘမ်းဟူ၍ ငွေထုတ်ချေး သည့် ပုံစံ (၂) မျိုးရှိပါသည်။ အတိုးနှုန်းလည်း မတူချေ။ ငွေပမာဏမှာ အဖွဲ့ဝင်တစ်ဦးလျှင် ပထမ အကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေး နိုင်ပါ သည်။ ပြန်လည်ပေးဆပ်သည့် ပုံစံ၊ စည်းမျဉ်း စည်းကမ်းများကို ကျေးရွာသားများအနေဖြင့် သေချာစွာ နားလည်ခြင်း မရှိသေးပါ။ ပြဿနာ တစ်စုံတရာ မရှိသေးချေ။ ယခုမှ စတင်၍ငွေချေးခြင်းဖြစ်ပြီး ပြန်လည် ပေးဆပ်ရန် အချိန်မကျ သေးချေ။

**Pact-Myanmar** ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့ အနေဖြင့် ကျေးရွာတွင် အကောင်အထည် ဖော် ဆောင်ရွက်နေသည်မှာ (၂) နှစ်ခန့်ရှိပြီ ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေနှင့် ကျဘမ်းများအား ချေးသည့် ရိုးရိုး ချေးငွေဟူ၍ နှစ်မျိုး ရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ် ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀) ကျပ် ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ (၇) မိတ္တူ လိုအပ်သည်။ ချေးငွေ သက်တမ်း ကြာလာသည်နှင့်အမျှ ငွေပမာဏ တိုးမြှင့်၍ ချေးယူနိုင်ပါသည်။

သို့ရာတွင် ကျဘမ်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့် ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (၂) ပတ်လျှင် တစ်ကြိမ် ပြန်လည် ပေးဆပ်ရခြင်း၊ ပုံမှန် ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာ များ မရှိခြင်း တို့ကြောင့် ဖြစ်သည်။

### ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|

| | | |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | နိမ့် | လက်ရှိအခြေအနေတွင် မရှိသေးသော်လည်း နောင်တစ်ချိန်တွင် ဓါတုအခြေခံ သွင်းအားစုများ ထည့်သွင်းခြင်းကြောင့်မြေဆီလွှာ ပျက်ဆီးမှုများ ကြုံတွေ့ရနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | |
| ဖျက်ပိုး နှင့် ရောဂါကာကွယ်ထိန်းချုပ်မှု | နိမ့် | ဆိုးဝါးစွာ ကျရောက်မှု မရှိသေးပါ။ |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | နိမ့် | |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | မြင့် | လူနေထူထပ်လာခြင်းကြောင့်သော်လည်းကောင်း၊စိုက်ခင်းများချဲ့ထွင်လာခြင်းကြောင့်နည်းပါးသွားခဲ့ပြီးဖြစ်ပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | အိမ်သုံးအမှိုက်များကို မီးရှို့ခြင်းဖြင့် သော် လည်းကောင်း၊ သစ်ပင်ရင်းတွင် ပုံခြင်းဖြင့် သော်လည်းကောင်း စသည့် အလေ့အထများ ရှိပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများတွင်နွားချေး မြေသြဇာကို ပြန်လည်ဖြည့်တင်းမှု မရှိတော့သည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည့်အပြင် တစ်နှစ်ကို စပါးနှစ်သီး စိုက်ပျိုးခြင်း၊ အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေသြဇာ သုံးစွဲမှုမြင့်မားလာသည့် အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ ငါးမျိုးစုံရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါး လာပါသည်။ လူနေထူထပ်လာမှုကြောင့် သဘာဝသယံဇာတ ဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှုများပြားလာခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြား မရှိခြင်းတို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်း ကြီးမြင့်မှုများ ကြုံတွေ့နေရပါသည်။

## ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| **အမျိုးအစား** | **အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/ များ)** | **ဖော်ပြချက်/ ရှင်းလင်းချက်** | **လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ** |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | လတ် | လေးနှစ်တစ်ကြိမ် ဝါထပ်နှစ်များတွင် ရေကြီးလေ့ ရှိသော်လည်း ၄-၅ ရက်ခန့်သာ ကြာမြင့်သည်။ ယခုနှစ်(၂၀၁၅) တွင် လယ်မြေရေနစ်မြုပ်မှု ဒဏ်ခံရမှု များသည်။ | မရှိသေးပါ။ |

| | | | |
|---|---|---|---|
| မီးဘေး | နည်း | ကြုံတွေ့ရခြင်းမရှိကြပါ။ | ရွာသူရွာသားများ ဝိုင်းဝန်းကာကွယ်ကြပါသည် |
| မုန်တိုင်း | နည်း | ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်း ဖြစ်ပေါ်လျှင် ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ | မရှိ |
| ငလျှင် | နည်း | | |
| မိုးခေါင်ခြင်း | နည်း | | မရှိ |
| အအေးလှိုင်း | နည်း | | မရှိ |
| ပင်္လယ်ပက္ခ | နည်း | | မရှိ |
| တိရိစ္ဆာန်ရောဂါ ဖြစ်ပွါးမှု | နည်း | | |
| လူရောဂါဖြစ်ပွါးမှု | နည်း | | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်ကို လယ်မြေများတွင် ယခုနှစ် (၂၀၁၅) တွင် ဆိုးရွားစွာ ကြုံတွေ့ရပါသည်။ ရေနစ်မြုပ်မှုကြောင့် စပါးအထွက်ကို ထိခိုက်လာမည်ဖြစ်ပါသည်။ လေးနှစ်တစ်ကြိမ် ဝါထပ်နှစ်များတွင် ရေကြီးလေ့ ရှိသော်လည်း (၄-၅) ရက်ခန့်သာ ကြာမြင့်သည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ ကျောင်းနေ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၃ | ၈ | ၁၁ | ၁.၆၄ % |
| ဘာသာရေးအခြေပြုပညာရေး | ဝ | ၁ | ၁ | ဝ.၁၅ % |
| မူလတန်းပညာရေး ပြီးဆုံးသူများ | ၈၈ | ၈၇ | ၁၇၅ | ၂၆.၂၄ % |
| အလယ်တန်းပညာရေး ပြီးဆုံးသူများ | ၃၂ | ၅၂ | ၈၄ | ၁၂.၅၉ % |
| အထက်တန်းပညာရေး ပြီးဆုံးသူများ | ၄ | ၆ | ၁ဝ | ၁.၄၉ % |
| တက္ကသိုလ်ပညာ ပြီးဆုံးသူများ | ၄ | ၁၂ | ၁၆ | ၂.၃၉ % |
| **၉ နှစ်အထက် လူဦးရေပေါင်း** | **၃၂၄** | **၃၄၃** | **၆၆၇** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၉.၅) ရာခိုင်နှုန်း ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ ပညာသင်ကြားရေး စနစ်ကြောင့် လုံးဝကျောင်းမနေသူဦးရေ မရှိပဲ ဘာသာရေး အခြေပြု ကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ မိုးကုတ်ကျေးရွာ၏ ထူးခြားချက်မှာ ကျောင်းမနေနိုင်သော ကျောင်းသားဦးရေ မရှိခြင်းပင် ဖြစ်သည်။

### ၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း | ၄၀ | ၄၃ | ၈၃ | ၅၁ % |
| အလယ်တန်း | ၂၀ | ၂၉ | ၄၉ | ၃၀ % |
| အထက်တန်း | ၈ | ၁၂ | ၂၀ | ၁၂ % |
| တက္ကသိုလ်ကျောင်းသား၊သူ | ၄ | ၆ | ၁၀ | ၇ % |
| **စုစုပေါင်း** | **၇၂** | **၉၀** | **၁၆၂** | **၁၀၀ %** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာအတွင်း | | | ၀.၈ ကီလိုမီတာ (၄ ဖာလုံ) သဲဖြူရွာ | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | ရွာမှနေ၍ လမ်းလျှောက် ကျောင်းတက်ရ | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၉၀’ x ၃၀’ x ၁၀’ | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်း | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | မလုံလောက်ပါ<br>စာရေးခုံ (ထိုင်+ရေး) - ၁၀ စုံ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | ၅ | ၅ | | | |
| ကျေးရွာခန့် | ၁ | ၁ | ၂ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခြေခံပညာ မူလတန်းကျောင်းမှာ ပေ (၉၀) အရှည်၊ အနံ ပေ (၃၀) နှင့် အမြင့် (၁၀) ပေ ရှိသော တစ်ထပ် အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိနေပါသေးသည်။ ကျောင်းသူ၊ ကျောင်းသားများ အတွက် သောက်သုံးရေကို ကျောင်းဝင်းအတွင်း (ပေ - ၂၀၀ ကျော်ဝေးသော) ရှိ ရေတွင်းမှ ခပ်ယူ သုံးစွဲပါသည်။ ကျောင်းတွင် အခန်း (၆) ခန်း ခွဲထားပြီး ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၅) ဦး၊ အစိုးရခန့် (၅) နှင့် အရပ်ခန့် (၂) ဦး၊ စုစုပေါင်း (၇) ဦး ရှိပါသည်။ တပည့်-ဆရာ အချိုးအားဖြင့် (၁၆) ဖြစ်ပါသည်။ (၅) ခန်းတွဲ ကျောင်းအိမ်သာကလည်း

ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ကျောင်းတွင်းရှိ စာရေးစာဖတ်ခုံများမှာ ဟောင်းနွမ်းနေကြပြီး ပြန်လည်ပြုပြင်၍ သုံးစွဲနေပါသည်။ အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့ပေးသော စာရေးခုံ နှစ်စုံကို ဆရာ၊ ဆရာမများ အတွက် စာအလုပ်စားပွဲ အဖြစ် သုံးစွဲနေပါသည်။ အခွင့်အရေးရှိပါက ထိုင်ခုံနှင့် စာရေးခုံ (၁၀) စုံခန့် ဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင် ကောင်းမွန်ပါမည်။

## ၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၆ ဦး |
| တပည့် ဆရာ အချိုး | ၁၆ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၁ - ၂ % |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မသန်မစွမ်း ကျောင်းသားတစ်ဦး ရှိသော်လည်း စာရေး စာဖတ် လိုက်နာနိုင်၍ အထူးတလည် အစီအစဉ် လုပ် ပေးရန် မလိုပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုး ပေးပြီး၊ လေ့ကျင့် ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ ပြင်ပ အလှူရှင် များမှလည်း ကျောင်းသုံး ဗလာစာအုပ်များ တစ်ခါတစ်ရံ လာရောက် လှူဒါန်းပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့် အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | တက်ကြွစွာ ပါဝင် တိုင်ပင် ညှိနှိုင်း လုပ်ဆောင်ကြ ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင် (၃) ဦး၊ ကျောင်းသားမိဘများ အားလုံး ပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက် များကို ပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲ များ မရှိ လုပ်ဆောင်နေနိုင်ပါသည်။

သို့သော်လည်း မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားရေး အားထည့်မှုနည်း သောကြောင့် အလယ်တန်းအဆင့် တစ်နှစ်တစ်တန်း အောင်သွားသော်လည်း အထက်တန်းအဆင့် အောင်မြင်မှုမှာ လွန်စွာ နည်းပါးပါသည်။ ထို့ကြောင့် အခြေခံခိုင်မာသော ပညာရေးအတွက် ကျောင်း ဆရာ၊ ဆရာမများ အားထုတ်မှု သာမက ကျောင်းသားမိဘများမှလည်း အားထည့် ဂရုစိုက်မှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း သုံးသပ်ကြသည်။ အဆင်ပြေပါက ဘာသာရပ်တွင် ထူးချွန်သော ဆရာများကို ဖိတ်ကြား၍ စာဖတ်ဝိုင်းများ ပြုလုပ်ပေးလျှင် အထက်တန်းအဆင့် အောင်မြင်မှု တက်လာမည် ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

## ၂.၇ ကျန်းမာရေး နှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁.တုတ်ကွေး | ၂.ငှက်ဖျား | ၃.သွေးလွန်တုပ်ကွေး | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန (ခွဲ) | ကျေးရွာ အတွင်း | ကုတင် ၂ စုံ | သားဖွားဆရာမ ၁ ဦး | ရှိ | |
| ဆေးရုံ | ၁၃ ကီလို (၈ မိုင်) | ရှိ | ဆရာဝန်..........<br>သူနာပြု........<br>သားဖွားဆရာမ..........<br>ကျန်းမာ ရေးလုပ်သား | လုံလောက် | |
| ဆေးဆိုင် | ၁၃ ကီလို (၈ မိုင်) | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမီမှု<br>ဆေးဝါး....<br>သိုလှောင်ပုံစနစ်<br>အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးကုတ်ကျေးရွာအတွင်း တုပ်ကွေး၊ ငှက်ဖျားရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက် ကျန်းမာရေး ဆေးပေးခန်း တစ်ခန်း ရှိပါသည်။ ကုတင် နှင့် ဆေးဝါးပစ္စည်းများ လုံလောက်မှု ရှိပြီး သားဖွားဆရာမသည် မိမိအိမ်တွင်သာ ဆေးခန်းဖွင့်ပြီး ကုသပေးလေ့ရှိသည်။ ကျန်းမာရေးပညာပေး လုပ်ငန်းများကို ပုံမှန် လုပ်ဆောင်ပေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ စာရေးမကလည်း ကျန်းမာ ရေး ပညာပေး အခွေများကို အခါအားလျော်စွာ ပြသပေးလေ့ ရှိသည်။ ကျေးရွာအတွင်းရှိ ကိုယ်ဝန် ဆောင် မိခင်များ အတွက် သားဖွားဆရာမသည် လွန်စွာ အားထားရပါသည်။ အခြား အသေးအဖွဲ ကျန်းမာရေးများကို နှစ်မိုင်ခန့်ဝေးသော သလပ်ခွာ ကျေးရွာရှိ ဆေးပေးခန်းတွင် သွားရောက် ပြသ လေ့ ရှိပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ ဆေးရုံသို့ သွားရောက်

ပြသကြပါသည်။

အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေး အတွက်ကား ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။

ကျေးရွာအတွက် ကျန်းမာရေး ကဏ္ဍတိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ အစားအစာ သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ် စားသုံးကြရန်၊ တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ဆောင်ရန်၊ ကုန်စုံဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်များကို ထုတ်ပိုးမှု စနစ်ကျခြင်း နှင့် သပ်သပ်ရပ်ရပ် ထားရှိရန်၊ ရွာအတွင်း မွေးမြူထားသော တိရစ္ဆာန်များကို စနစ်တကျ လွတ်ကျောင်းရန်၊ နောက်ဆုံး အနေဖြင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကို ပုံမှန်ပြုလုပ်ပေးရန် သုံးသပ် ဆွေးနွေးကြပါသည်။ နို့တိုက်ကိုယ်ဝန်ဆောင် မိခင်များကို ဆေးဝါးလုံလောက်အောင် ထားရှိဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၅ | ၄-သင့်၊ ၁၂-ကောင်း | ၁.၅ လ ရေပြတ် | ရှိ | ရှိ | |
| အဝီစိတွင်း | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |
| အဝီစိတွင်း၊ စက်တွင်း | ၁၀ | ၂-ကောင်း၊ ၈ - သင့် | ရှိ | ရှိ | ရှိ | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် အုတ်ကာရံထားသော သောက်ရေတွင်း (၁၂) တွင်း နှင့် မြေသား ရေတွင်း (၃) တွင်း ရှိပါသည်။ တစ်နှစ်ပတ်လုံးတွင် နွေကာလ တစ်လခွဲခန့်သာ ရေရှားပါးသည်ကို တွေ့ကြုံရပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ပေးထားသော (၄) လက်မ စက်ရေတွင်းနှင့် အုတ်ရေကန်များမှာ နွေကာလအတွက် ပြေလည်မှုရှိသဖြင့် ကျေးရွာအတွက် သောက်ရေသုံးရေ ရရှိမှုမှာ အခက်အခဲ မရှိပါ။ ရေစစ်အိုး (၅၀) ကို ခရစ်ယာန် အသင်းတော်မှ လာရောက် လုပ်ဆောင်ပေးထားသဖြင့် ရေသန့် သုံးစွဲရေးအတွက် အဆင်ပြေလှပါသည်။

## ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော | ရှင်းလင်းချက် |
|---|---|---|

| | အိမ်ထောင်စု | |
|---|---|---|
| ယင်လုံအိမ်သာ | ၉၅ | ၆၀ ရာနှုန်းသာ ယင်လုံအိမ်သာ အဆင့် မှီပြီး |
| ကျင်းအိမ်သာ | ၆၀ | ၄၀ ရာနှုန်းမှာ ကျင်းအိမ်သာ အမျိုး အစား |
| တောထိုင် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၅) ခန်းတွဲ ကျေးလက်သုံးအိမ်သာများကို ပံ့ပိုးပေးခဲ့ ပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| **ရွာတွင်းလမ်း** | မြေသားလမ်း | သင့် | | | သုံး | ၁.၂ ကီလို |
| **ချဉ်းကပ်လမ်း** | ကျောက်ခင်း လမ်း | သင့် | ၁၉၉၅ | | သုံး | ၁.၆ ကီလို |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

ကျေးရွာချဉ်းကပ်လမ်းမှာ ၁၉၉၅ ခုနှစ်တွင် ဖေါက်လုပ်ခဲ့ပြီး၊ ၂၀၀၉ ခုနှစ်တွင် မြို့နယ် စည်ပင်မှ ကျောက်ခင်းလမ်း အဖြစ် တိုးမြှင့် ဆောင်ရွက်ခဲ့ ပါသည်။ လမ်းနံဘေး ရေမြောင်းများ ကောလာခြင်း၊ မိုးရေများ တိုက်စားခြင်း၊ သက်တမ်းကြာမြင့်လာခြင်းတို့ကြောင့် သွားလာရေး၌ အခက်အခဲရှိပါသည်။ ကွန်ကရစ် လမ်းခင်းရန် အစီအမံများ ပြုလုပ်လျှက် ရှိပါသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်နေပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ အခက်အခဲ ပြဿနာ မရှိလှပါ။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | မရှိ | | | | |
| တံတား | မရှိ | | | | |
| ကြိုးတံတား | မရှိ | | | | |

| ရေပြွန် | မရှိ | | | | |
|---|---|---|---|---|---|

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | မရှိ | | | |
| ပင်လယ်ရေကြောင်း | မရှိ | | | |

၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၃၅ | ၄၆ | ၂ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ သယ်ယူဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်များကိုသာ အားကိုးနေရ ပါသည်။ ဆိုင်ကယ် ငှားခမှာ (၁၀၀၀) ကျပ် ဖြစ်ပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၇၂ | သင့် | ကိုယ်ထူကိုယ်ထဝယ်သုံး မိုးရာသီ နေရောင်မရ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကိုယ်ထူကိုယ်ထ ဝယ်သုံးနေသော ဆိုလာငယ်လေးများ (၇၂) အိမ် ရှိပါသည်၊ ကျန်အိမ်များမှာ ဒီဇယ် မီးခွက်များ၊ ဖယောင်းတိုင်များကိုသာ အလင်းရောင်အတွက် အသုံးပြုနေရပါသည်။ မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးဆက်သွယ်ရန် (၂) မိုင်နီးပါး ဝေးကွာသောကြောင့် ကုန်ကျစရိတ် မတတ်နိုင်ပါ၊ ကျောင်းသားကလေးသူငယ်များအတွက် စာကျက်မှတ်လေ့လာရာ၌ အခက်အခဲ ရှိပါသည်။ သို့ဖြစ်၍ ဆိုလာမီးတပ်ဆင် အသုံးပြုနိုင်ပါက အထူးအဆင်ပြေလှပါမည်။

## ၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၁၂၂ | ၄၂ | ၆၄ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် Telenor, Ooredoo, MPT ဖုန်းလိုင်းများအားလုံး ဆက်သွယ်နိုင်ပါသည်။ Internet အသုံးပြုသူ လူငယ်များလည်း ရှိပါသည်။

## ၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့် နေရာများအား လက်လှမ်း မှီမှု | မရှိ | ဗွီဒီယိုရုံ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | မရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | မရှိ | ဘာသာရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း |
| အားကစားပစ္စည်းများအား လက်လှမ်းမှီမှု | မရှိ | ကျေရွာအားကစားကွင်း၊ အားကစား ပြိုင်ပွဲ၊ စသည် တိုင်းတွင် ပါဝင်ခွင့် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင်ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ်ဆောင်ရွက်ခြင်း |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ရှိ | ကရင်စာပေ၊ယဉ်ကျေးမှု သင်တန်းများ ပို့ချပေးလျှက် ရှိပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှု | ရှိ | စာကြည့်တိုက် ရှိသော်လည်း တစ်ခါတစ်ရံ၌သာ စာကြည့် မည့်သူရှိပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် အမြဲ ပါဝင်လျှက် ရှိပါသည်။

လူငယ်တို့အတွက် သီးသန့်ပြုလုပ်ပေးသော ပွဲများမရှိပါ။ ကရင်စာပေ၊ ယဉ်ကျေးမှု သင်တန်းများ ပို့ချပေးလျှက် ရှိပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု | မရှိ | ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | မရှိ | သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်း မရှိပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ TV တို့မှ သိရှိရပါသည်။ သလပ်ခွာ တိုက်နယ်ကျေးရွာတွင် ရဲစခန်းတည်ရှိပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ | ၂ | ၂ | ၂ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၅-၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

ကျေးရွာအတွင်း မိသားစုများကြား သာမန် သဘောထား မတိုက်ဆိုင်မှုများကြောင့် တင်းမာမှု ကလေးများသာ ရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

**အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

မိုးကုတ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှု နှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီး ဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်းလက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလိုတစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများ ရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက်စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများ နှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များကို အခြေခံ၍ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေမျာ

| **ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ** | **ရှင်းလင်း ဖော်ပြချက်များ** | **သတင်း အရင်းအမြစ်** |
|---|---|---|
| လူသား အရင်း အမြစ် | • မိုးကုတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၂၆၇) ဦး နှင့် မ (၂၇၂) ဦး၊ စုစုပေါင်း (၅၃၉) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၉.၄၆) % ရှိပါ သည်။ကျေးရွာ ဖွံ့ဖြိုးရေး အတွက် ဝင်ငွေရလုပ်ငန်းများ လုပ်ငန်းများ လုပ်ကိုင် နိုင်သည့် လူသား အရင်း အမြစ်များပေါ်များသည့်အပြင် ကျေးရွာ၏ လယ်ယာ စိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်း အတွက်လည်း မှီခို အားထားမှု ပြုနိုင်မည့် အခွင့်အလမ်း တစ်ခုဖြစ်ပါသည်။ ၎င်းအပြင် တက္ကသိုလ် ဘွဲ့ရ (၁၆)ဦး ရှိပြီး လက်ရှိ တက္ကသိုလ် တက်ရောက် နေသူများမှာလည်း (၁၀)ဦးအထိ ရှိနေ၍ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေး အတွက် အားကိုး အားထား ပြုနိုင်မည့် ပညာတတ် လူငယ်လူရွယ်များ တစစများပြား လာသည်ကို တွေ့ရသည်မှာ အားတက်ဖွယ်ရာ ဖြစ်ပါသည်။<br>• လူငယ်များအား ကျွမ်းကျင်မှု နှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူ့အရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင် ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာ ပင်ဖြစ်သည်။ | |
| သီးနှံ ထုတ်လုပ်ရေး | • မိုးကုတ်ကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိလုပ်အားခပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာ ဖြစ်သော်လည်း လယ်သမား မိသားစုများနှင့် ကျဘမ်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါးအခြေခံ ရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူစသည်ဖြင့် စပါးထုတ်လုပ်မှု တစ်ခုမှ ကျေးရွာသူ ကျေးရွာသားများ အတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။<br>• ၎င်းအပြင် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်ရာ ဈေးကွက်နှင့် ကိုက်ညီသောဆန်အရည်အသွေးရနိုင်မည့် စပါးမျိုးများ စမ်းသပ် စိုက်ပျိုးလာနိုင်မည်ဆိုလျှင် လယ်ယာလုပ်ငန်းကို မှီခိုမှု ပြုနေသည့် အိမ်ထောင်စုများစွာ အတွက် ဝင်ငွေ တိုးလာမည် ဖြစ်ပါသည်။ ထို့ကြောင့် ဈေးကွက်ဝင် မျိုးကောင်း မျိုးသန့်များ စမ်းသပ်လုပ်ကိုင်နိုင်ရန်အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေး ဦးစီးဌာနများနှင့် အကျိုးတူ လုပ်ကိုင်နိုင်မည့် စိုက်ပျိုးရေး အခြေခံကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် လုပ်ကိုင်ရမည်သာဖြစ်ပါသည်။<br>• စိုက်ပျိုးသီးနှံများ အထွက်တိုးနည်းပညာများ ကျင့်သုံး လာနိုင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်တိုးနည်းပညာများအား ဖြန့်ဝေပေးနေသည့် အတွက် ကြက်တူရွေး ကျေးရွာမှ တောင်သူ ဦးဆောင် အဖွဲ့များမှ အဆိုပါ နည်းပညာ ဖြန့်ဝေပေးနိုင်သည့် ဦးစီးဌာနများ၊ အခြားသော အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ နည်းပညာ လွှဲပြောင်း လက်ခံမှု အဆင့်ဆင့်ကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း တစ်ခု ဖြစ်ပါသည်။ | စိုက်ပျိုးရေးအုပ်စုနှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| တိရစ္ဆာန် မွေးမြူရေး | • တိုင်းဒေသကြီးမြို့တော်ဖြစ်သည့် ပုသိမ်မြို့နှင့် (၈) မိုင်ခန့်သာ ကွာဝေးသည်ဖြစ်၍ တိရစ္ဆာန်မွေးမြူရေး ကဏ္ဍတွင် ပုသိမ်ဈေးကွက်အား အမှီပြုကာ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ မွေးမြူနိုင်ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့် အားလျော်စွာ ဝက်အစားဖြစ်သည့် ဖွဲနုကို ကျေးရွာဆန်စက်များမှ အလွယ်တကူ ဝယ်ယူခြင်းဖြင့် သော် | မွေးမြူရေးအုပ်စုနှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | လည်းကောင်း၊ မိမိတို့ စပါးကြိတ်ခွဲစဉ်ရရှိသော ဖွဲနု စသည်ဖြင့် ဝက်မွေးမြူရေးအတွက် အစာကို ရရှိနိုင် ပါသည်။ | |
| စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ အနေဖြင့် ပုသိမ်ဈေးကွက်ကို အမှီပြု၍ လက်မှု အထည် ပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ စပါးစိုက်ပျိုးသော ကျေးရွာ ဖြစ်သောကြောင့် ဆန်ဖြင့်ထုတ်လုပ်သောမုန့်၊ စသည်ဖြင့် ကျေးရွာ ထုတ်ကုန်တစ်ခုအား အစုအဖွဲ့ဖြင့်ဖြစ်စေ၊ မိသားစု အလိုက် တစ်ပိုင်တစ်နိုင်ဖြစ်စေ ထုတ်လုပ်ပြီး အနီးဆုံး ပုသိမ်ဈေးကွက်အား တင်ပို့ ရောင်းချနိုင်မည့် အခွင့်အလမ်း ဖြစ်ပါသည်။ | စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှု ပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူ နိုင်ခြင်း၊ သမဝါယမချေးငွေနှင့် ပတ်မြန်မာမှ ချေးငွေ စသည်ဖြင့် ချေးငွေများကို လက်လှမ်းမှီသည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်း များအတွက် သင့်တော်သော ရင်းနှီး ငွေ ပမာဏအား ရရှိနိုင်ပါသည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ပညာရေး | • မိုးကုတ်ကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော် လုံလောက်မှု ရှိသည့်အပြင် မိဘဆရာ အသင်း (ပညာရေးအဖွဲ့) သည် စုစည်း တက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် ကောင်းမွန်သော အလားအလာများ ဖြစ်ပါသည်။ ၎င်း အပြင် အလယ်တန်း နှင့် သင်ယူမည့် အလယ်တန်းကျောင်းနှင့် အကွာအဝေးမှာ (၁.၅) မိုင်သာ ရှိ၍ နေ့ချင်းပြန် ကျောင်းတက်နိုင်သည် ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ပညာတတ် လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်မည် ဖြစ်ပါသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| ကျန်းမာရေး | • မိုးကုတ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားရှိသဖြင့် ကျန်းမာရေးနှင့်ပက်သက်သော အခြေခံ ကျန်းမာရေး ဝန်ဆောင်မှုများရရှိနိုင်၍ ကုန်ကျစရိတ် သက်သာမှု ရှိသောကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အမှန် အားထားရမည့် လူသား အရင်းအမြစ်များ ထိခိုက်နိုင်မှု မရှိသဖြင့် ပြည့်စုံသော အခြေအနေတစ်ခုဖြစ်ပါသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| ရေ အရင်းအမြစ် | • မိုးကုတ်ကျေးရွာတွင် သောက်ရေကို ကျေးရွာရှိ ရေတွင်း (၁၂) တွင်းမှ ရရှိသော်လည်း ပူပြင်း ခြောက်သွေ့သော နွေကာလ တစ်လခွဲတွင် ရေများလုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့ရတတ်သော်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ (၄) လက်မ စက်ရေတွင်း တစ်တွင်းအား | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | တူးဖော်ပေးထားရှိခြင်းကြောင့် ရာသီမရွေး လုံလောက် သွားပါသည်။ | |
| လမ်း၊ တံတား | • ပုသိမ်မြို့နှင့် ဆက်သွယ်နိုင်မည့် ကျေးရွာချဉ်းကပ်လမ်း အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းသာ ဆောင်ရွက် နိုင်မည် ဆိုပါက ရာသီမရွေး သွားလာ ဆက်သွယ်နိုင်မည် သာမက ကျေးရွာ၏ ပညာရေး၊ စီးပွားရေး လုပ်ငန်းများပါ တိုးတက်လာမည် ဖြစ်ပါသည်။ ကျေးရွာ၏ ကျောက်ချောလမ်း ဖောက်လုပ်ရာတွင် ကူညီပေးနိုင်မည့် အစိုးရဌာန ဆိုင်ရာများ၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အတွေ့ အကြုံ များ ရှိခဲ့သည့်အပြင် ဦးဆောင် ဆောင်ရွက်နိုင်သည့် အရည် အချင်းများရှိသည့် လူကြီးလူငယ်များ ပေါ်များသည်ကလည်း မိုးကုတ် ကျေးရွာ၏ လမ်း၊ တံတားများ တိုးတက်ကောင်းမွန် လာမည့် လမ်းစများ ဖြစ်ပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာ ရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှု များ အတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုး မကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွား မှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်း တစ်ရပ်လမ်း ဖြစ်သည်။ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး | • မိုးကုတ်ကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက် နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခု နှင့် တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်း မှု ရှိပါသည်။ ထို့အပြင် မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အချိန်ယူ လေ့ကျင့် လုပ်ဆောင်ရမည့်အပြင် ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီး ဌာနများ နှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့ အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန် ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ ကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး တွင် စိန်ခေါ်မှု တစ်ရပ် ဖြစ် သည်။ | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
| --- | --- | --- |
| သီးနှံ ထုတ်လုပ်ရေး | • စပါးအထွက်တိုးနည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ ရလဒ်ကို အထင်အရှား မမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် အချိန် များစွာ ယူရအုံးမည် ဖြစ်ပါသည်။<br>• ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အချို့သော လုပ်ငန်းများ (ဥပမာ-ရေသွယ်ယူခြင်း၊ မြောင်း ဖော်ခြင်း၊ ပိုးမွှား ရောဂါအား စုပေါင်းကာကွယ်ခြင်း၊) တို့တွင် တောင်သူတစ်ဦး တည်းဖြေရှင်း၍ မရနိုင်ပဲ စုပေါင်း လုပ်ကိုင်ကြရသည် ဖြစ်ရာ ၎င်းအခက်အခဲများ နှင့် ကြုံတွေ့လာတိုင်း ရင်ဆိုင် ဖြေရှင်းရန် အတွက် တောင်သူအားလုံး စုပေါင်းပါဝင်ဖို့ စည်းစည်းရုံးရုံး ဆောင်ရွက်တတ်သည့် အလေ့အထများ မရှိသဖြင့် အခက်အခဲများ ကြုံတွေ့ရဦးမည်ဖြစ်ပါသည်။ | စိုက်ပျိုးရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| တိရစ္ဆာန် မွေးမြူရေး | • ရောဂါ ဖြစ်ပွားမှုကို အချိန်မီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊တို့အပြင် မွေးမြူရေး ဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှု မရှိခြင်းကြောင့် မိုးကုတ်ကျေးရွာ၌ မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ် ပြန့်ပြန့် မွေးမြူ လာကြရန် မဝံ့မရဲ ဖြစ်နေကြပါသည်။ | မွေးမြူရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |
| စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီး လုပ်ကိုင်ရန် အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ | စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • မိုးကုတ်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါ ယမ အသင်းအဖွဲ့များ၊ ပက်-မြန်မာ စသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေ စည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် တောင်သူများ၏ အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲ ဖြစ်သည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| ကျန်းမာရေး | • မိုးကုတ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍သားဖွား ဆရာမ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် ခက်ခဲမှု မရှိနိုင်သော်လည်း ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံ၊ အိမ်သာ သုံးစွဲမှု အလေ့အထများအား ရာနှုန်းပြည့် ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန်အတွက်မှု အခက်အခဲများ ရှိနိုင်ဦးမည် ဖြစ်ပါသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| လမ်း၊ တံတား | • ကျေးရွာချဉ်းကပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့် မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ နှင့် ကျေးလက် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော လက်ရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှလည်း တပြိုင်နက် ဆောင်ရွက်နိုင်ရန် နှင့် ၎င်းဌာနများတွင်လည်း ရရှိသည့် ခွင့်ပြုရန်ပုံငွေ ပမာဏ၊ များအပေါ် မူတည်နိုင်သဖြင့် ဦးစားပေး ဆောင်ရွက်မည့် ကျေးရွာ စာရင်းတွင် ပါဝင်နိုင်ရန် အခွင့်အလမ်း နည်းပါးလွန်းပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာ၏ ဓလေ့မှာ လူကြီးများကိုသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်း အချက် အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေး နှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက် နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

## အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ

### ၄.၁။ ဦးစားပေး စီမံကိန်းများ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဇယား (၄၅-က) ဦးစားပေး စီမံကိန်းများ

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ် ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၃၇ | ၈ | • ကျေးရွာ ဖွံ့ဖြိုးရေးကော်မ တီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်းသင်တန်း |
| *စိုက်ပျိုးရေး ကဏ္ဍ* | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက် ရေး နှင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာရေး | ၄၀ | ၇ | • မျိုးကောင်းမျိုးသန့် ထုတ် လုပ်ရေး နှင့် စပါးအထွက်တိုး နည်းပညာ သင်တန်း<br>• ဈေးကွက်နှင့် ကိုက်ညီသော မျိုးများကို ထုတ်လုပ်၊ ရောင်းချခြင်း<br>• ဈေးကွက် ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• အစိုးရမှ ဈေးကွက် တည်ငြိမ်အောင် လုပ်ဆောင် ပေးခြင်း |
| *တိရစ္ဆာန် မွေးမြူရေး* | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။ မွေးမြူရေး ထုတ်လုပ်မှု တိုးတက်လာစေရေး | ၃၆ | ၁၀ | • မွေးမြူရေး ထုတ်လုပ်မှု များအတွက် ဈေးကွက် ဖော်ဆောင်ခြင်း<br>• မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုများ လက်လှမ်းမီရေး |
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | |

| | | | | |
|---|---|---|---|---|
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | ၅၂ | ၅ | • ပြန်လည်လုပ်ကိုင်အသုံးချ နိုင်သောအသက်မွေးဝမ်းကျောင်း သင်တန်းများ ပေးခြင်း<br>• တနိုင်တပိုင်ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် အစဦးပျိုး ထောင်ပေးခြင်း<br>• ဈေးကွက် လိုအပ်ချက်ကို နားလည်အောင် လေ့လာခြင်း |
| *ဘဏ္ဍာ နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | |
| **ချေးငွေ လက်လှမ်းမီရေး** | ၅။ လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၅၉ | ၃ | • အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့် ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း |
| *ပညာရေး* | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ အထက်တန်း ပညာ တတ်မြောက်သူ ဦးရေ တိုးတက်လာရေး | ၃၇ | ၉ | • စာဖတ်ဝိုင်းများ ပြုလုပ် ခြင်း<br>• မိဘ၊ ဆရာများ ပူးပေါင်း ဆောင်ရွက်ခြင်း<br>• ပရိဘောဂပြုလုပ်ရန် ရန်ပုံငွေများ ရှာဖွေခြင်း |
| *ကျန်းမာရေး* | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၇။ ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍ တိုးတက်လာစေရေး | ၄၈ | ၆ | • မြို့နယ်ကျန်းမာရေး ဦးစီးဌာန နှင့် ချိတ်ဆက်၍ အသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း |
| *လမ်းပန်း ဆက်သွယ်ရေး* | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၈။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၉၇ | ၁ | • ကျောက်ခင်းလမ်း ပြန်လည် ပြင်ဆင်ရေး။ |
| *လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး* | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၉။ ကျေးရွာမီးလင်းရေး | ၈၂ | ၂ | • မီးလင်းရေး ကော်မတီ ဖွဲ့စည်းခြင်း<br>• ဆိုလာမီးရရှိရေး အတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြရန်။ |
| *လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား* | | | | |
| **လူငယ်များ စွမ်း** | ၁၀။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင် | ၅၅ | ၄ | • ခေါင်းဆောင်မှု သင်တန်း |

| | | |
|---|---|---|
| **ဆောင်ရည် တိုးတက်လာစေရေး** | ပေးရေး | • စီမံခန့်ခွဲမှု သင်တန်း<br>• လူမှု ဆက်ဆံရေး သင်တန်း |

## ၄.၂။ စီမံကိန်း ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄၅-ခ) စီမံကိန်း ကာလ

| စဉ် | စီမံကိန်း (Project) | ဦးစားပေး အဆင့် | ပထမနှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမနှစ် |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၈ | ✓ | ✓ | | | |
| ၂ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေးနှင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာရေး | ၇ | ✓ | ✓ | ✓ | ✓ | ✓ |
| ၃ | မွေးမြူရေး ထုတ်လုပ်မှု တိုးတက်လာစေရေး | ၁၀ | ✓ | ✓ | ✓ | | |
| ၄ | အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး | ၅ | ✓ | ✓ | ✓ | ✓ | ✓ |
| ၅ | လုံလောက်သောချေးငွေ ပမာဏအားသင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၃ | ✓ | ✓ | | | |
| ၆ | ကျေးရွာ၏ အထက်တန်း ပညာ တတ်မြောက်သူဦးရေ တိုးတက်လာရေး | ၉ | ✓ | ✓ | | | |
| ၇ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၆ | ✓ | | | | |
| ၈ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး | ၁ | ✓ | | | | |
| ၉ | ကျေးရွာမီးလင်းရေး | ၂ | ✓ | | | | |
| ၁၀ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၄ | ✓ | | | | |

## ၄.၃။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများ ရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဇယား (၄၅-ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်ထောင်ပေါင်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | အရေးပေါ်အထောက် အပံ့ |
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး | ၅၀,၀၀၀ | | ၅၀,၀၀၀ | | |
| ၂ | ကျေးရွာမီးလင်းရေး | ၁၂,၀၀၀ | | ၁၂,၀၀၀ | | |
| ၃ | လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၀ | | ၀ | | |
| ၄ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၁,၀၀၀ | ၁,၀၀၀ | | | |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၄,၀၀၀ | | ၄,၀၀၀ | | |
| ၆ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၀ | | ၀ | | |
| ၇ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး နှင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာရေး | ၁,၀၀၀ | ၁,၀၀၀ | | | |
| ၈ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၁,၀၀၀ | ၁,၀၀၀ | | | |
| ၉ | ကျေးရွာ၏အထက်တန်းပညာတတ် မြောက်သူဦးရေ တိုးတက်လာရေး | ၀ | | ၀ | | |
| ၁၀ | မွေးမြူရေး ထုတ်လုပ်မှု တိုးတက်လာ စေရေး | ၀ | | ၀ | | |

**အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက်**

ဇယား (၄၆) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်းဆိုင်ရာ** | | | | | | |
| ၁။ | • ကျေးရွာရှိ အဖွဲ့အစည်းများ စွမ်းဆောင်ရည် မပြည့်ဝခြင်း၊ | • စိတ်ပါဝင်စားမရှိခြင်း<br>• အစဉ်အလာအရ ဖွဲ့စည်းထားခြင်း<br>• သင်ကြားလမ်း ညွှန်မှု မရှိခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီဌာနမှ သင်တန်းပို့ချနိုင်မည့် အဖွဲ့များနှင့် ဆက်သွယ်ပေးနိုင်ခြင်း | • ကျေးရွာလူထုသည် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင် ရွက်သည့် အတွေ့အကြုံ နည်းပါးခြင်း<br>• စုစည်းဆောင်ရွက် တတ်သည့် အလေ့အထ များ မရှိခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• အလွှာစုံမှ ပါဝင်သော ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခြင်း | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။<br>• ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်းသင်တန်း |
| **ကဏ္ဍ - စိုက်ပျိုးရေးဆိုင်ရာ** | | | | | | |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| ၂။ | • နွေစပါး အထွက်နှုန်းနည်းခြင်း<br><br>• စပါးစိုက်ပျိုးရေးမှ အကျိုးအမြတ် အရနည်းခြင်း | • ရေသေရက် သွင်းရေ မလုံ လောက်ခြင်း<br>• ရေငံဝင်ရောက်ခြင်း<br>• သွင်းအားစုအတွက် အရင်းအနှီးမရှိခြင်း<br>• မျိုးမသန့်ခြင်း<br>• ချေးငွေပြန်ဆပ်ရန် အမြန်ရောင်းချရခြင်း | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီတွင် စိုက်ပျိုးရေး အဖွဲ့ ဖွဲ့စည်းထားခြင်း<br>• တောင်သူများမှာ သင်ယူရန်အားထက်သန်နေခြင်း<br>• မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်သော လယ်များရှိခြင်း<br>• နိုင်ငံတော်အစိုးရမှ ချေးငွေနှင့်ပတ်သက်သည့် စီမံကိန်းများချမှတ်လာခြင်း | • ပညာရေးနိမ့်ကျခြင်း<br>• လိုက်နာကျင့်သုံးနိုင်မှု အားနည်းခြင်း<br>• အစိုးရမှ ဈေးနှုန်းတည်ငြိမ်အောင် မပြုလုပ်ပေးနိုင်ခြင်း<br>• စပါးစိုက်ပျိုးဧက လျော့နည်းလာခြင်း | • စိုက်ပျိုးရေးနည်းပညာပေး အဖွဲ့အစည်းများ နှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>• စံပြကွက်များ လက်တွေ့ လုပ်ဆောင်၍ နည်းပညာ ပေးခြင်း<br>• အစိုးရမှ ဈေးကွက်တည်ငြိမ်အောင် ဖန်တီးပေးခြင်း<br>• ဈေးကွက်မှ လိုအပ်သော စပါးမျိုးကိုသာ စိုက်ပျိုးထုတ်လုပ်ခြင်း<br>• စီးပွားဖြစ် မျိုးသန့်စပါး ထုတ်လုပ်ခြင်း | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး နှင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာရေး<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နှင့် စပါးအထွက်တိုး နည်းပညာ သင် တန်း<br>• ဈေးကွက်နှင့် ကိုက်ညီ သောမျိုးများကို ထုတ် လုပ်၊ ရောင်းချခြင်း<br>• ဈေးကွက် ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• အစိုးရမှ ဈေးကွက် တည်ငြိမ်အောင် လုပ်ဆောင်ပေးခြင်း |
| **ကဏ္ဍ - မွေးမြူရေးဆိုင်ရာ** | | | | | | |
| ၃။ | • စီးပွားဖြစ် ကြက် / ဝက်မွေးမြူ ရေး လုပ်ကိုင်သူ နည်းခြင်း | • အခါအားလျော်စွာ ကျရောက်သော ရောဂါများကြောင့် မွေးမြူထားသော တိရစ္ဆာန်များဆုံးရှုံးခြင်း။ | • ကျေးရွာ အုပ်စုအတွင်း၊ ပုသိမ်မြို့ ဈေးကွက်သို့ အလွယ်တကူ ရောင်းချနိုင်ခြင်း<br>• အိမ်ခြံဝင်းများ ကျယ် | • သင့်တင့်သော အတိုးနှုန်း ဖြင့် မွေးမြူရေး လုပ်ငန်းအတွက် ကာလ တစ်ခု သတ်မှတ်သည့် ထုတ်ချေး သော | • မျိုးကောင်းမျိုးသန့် ဝက်များကို လွယ်ကူ သက်သာ သောဈေးနှုန်း ဖြင့်ရရှိရန်။<br>• ဖြည့်စွက်အစာများပြုလုပ်တတ်ရန် သင်တန်းများ | ၃။ မွေးမြူရေး ထုတ်လုပ်မှု တိုးတက်လာစေရေး<br>• မွေးမြူရေး ထုတ်လုပ်မှု များအတွက် ဈေးကွက် ဖော်ဆောင်ခြင်း |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | | • ရောဂါများကို ကြိုတင်ကာကွယ် ကုသရန် အသိပညာ ဗဟုသုတ နည်းပါးခြင်း။<br>• ခေတ်မီနည်းပညာများ သိရှိမှုနည်းခြင်း | ဝန်းသဖြင့် တနိုင်တပိုင် မွေးမြူရေးအတွက် နေရာ အဆင်ပြေခြင်း<br>• လယ်ယာလုပ်ငန်းမှ တိရစ္ဆာန်အစားအစာ အလွယ်တကူ ရရှိနိုင်ခြင်း။<br>• ဝက်မွေးမြူရန် စိတ်ဝင်စားသော မိသားစုများ ရှိခြင်း။ | ဈေးငွေစနစ် မရှိခြင်း၊<br>• ကြက် နှင့် ဝက်တွင် ရောဂါအဖြစ်များခြင်း<br>• တိရစ္ဆာန်ကျန်းမာရေး အသိပညာနည်းပါး ခြင်း နှင့်ကာကွယ်ဆေး အချိန်မှီစွာ မထိုး နှံကြခြင်း | ပေးခြင်း။<br>• မွေးမြူရေးနည်းစနစ်များ ကို စီးပွားဖြစ်လုပ် ကိုင် တတ်ရန် ပညာပေးရန် လိုအပ်ခြင်း။<br>• မြို့နယ် မွေး-ကုဦးစီးဌာန နှင့် ချိတ်ဆက် လုပ်ဆောင် ခြင်း | • မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုများ လက်လှမ်းမီရေး |
| **ကဏ္ဍ - စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သောလုပ်ငန်းများ** | | | | | | |
| ၄။ | • အလုပ်အကိုင်မရှိ၍ အခြားဒေသသို့ သွားရောက်လုပ် ကိုင်ရခြင်း | • အသက်မွေးဝမ်း ကျောင်းပညာတတ် မြောက်သူနည်းခြင်း<br>• စိုက်ပျိုးမြေချဲ့ထွင်ရန် နေရာမရှိခြင်း<br>• စီးပွားရေးလုပ်ကိုင် ရန် လုံလောက်သော ဈေးငွေပမာဏ မရရှိခြင်း<br>• စွန့်စားတီထွင်၍ လုပ်ငန်းများလုပ် ဆောင်မှုမရှိခြင်း | • ပုသိမ်မြို့ နှင့် (၈) မိုင် ခန့်သာ ကွာဝေးခြင်း၊ သလပ်ခွါ ကျေးရွာနှင့် (၂) မိုင် ခန့်သာ ကွာဝေး ခြင်း<br>• စိတ်ပါဝင်စားသည့်လူ ငယ်၊ လူရွယ်များရှိခြင်း<br>• ငွေချေးသည့်အဖွဲ့အ စည်းများ ရှိနေခြင်း (ပက်(ထ်)မြန်မာ၊ သမဝါယမ၊စသည်)<br>• စက်ရုံ၊အလုပ်ရုံအလုပ် များတွင် လုပ်ကိုင်နိုင် | • ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်း<br>• ဈေးကွက်ဆိုင်ရာနည်း ပညာများကိုမသိရှိခြင်း<br>• စွန့်စားလုပ်ကိုင်ရန် မဝံ့ရဲခြင်း | • ပြန်လည်လုပ်ကိုင်ဆောင် ရွက်နိုင်သော အသက်မွေး ဝမ်းကျောင်းပညာများကို ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့်ချိတ် ဆက်ခြင်း<br>• စီးပွားရေးလုပ်ငန်းအပေါ်မူ တည်၍ချေးငွေအစီအမံများ ရရှိရန်ချိတ် ဆက်ခြင်း<br>• ကနဦး စမ်းသပ်၍ တနိုင် တပိုင် ကုန်ထုတ်လုပ်ငန်း များကိုအားပေးပျိုးထောင် | ၄။ အလုပ်အကိုင် အခွင့်အ လမ်းများပြား လာစေရေး<br>• ပြန်လည်လုပ်ကိုင်အသုံးချ နိုင်သောအသက်မွေးဝမ်း ကျောင်းသင်တန်းများ ပေးခြင်း<br>• တနိုင်တပိုင်ကုန်ထုတ်လုပ် ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် အစဦး ပျိုး ထောင်ပေးခြင်း<br>• ဈေးကွက် လိုအပ်ချက်ကို နားလည်အောင် |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | | • အိမ်တွင်းတနိုင်တပိုင်ထုတ်လုပ်နိုင်မှု အားနည်းခြင်း | ခြင်း | | ပေးခြင်း<br>• ဈေးကွက်ဆိုင်ရာနည်းပညာ သင်တန်းများပေးခြင်း | လေ့လာခြင်း |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၅။ | • စိုက်ပျိုးရေး သွင်းအားစုများ အတွက် ရင်းနှီးငွေ မတတ်နိုင်ခြင်း | • သွင်းအားစု အတွက် အကြွေးများ အချိန်မီ ပြန်ဆပ်ရန် အတွက် စပါးများကို ကျဈေးနှင့် ရောင်းချရခြင်း<br>• ရရှိသော ချေးငွေ ပမာဏ မှာနည်းပါး ခြင်း<br>• ချေးငွေကာလ တိုတောင်းခြင်း | • အသင့်တင့်မြေဩဇာ ကောင်းမွန်သော လယ် များ ရှိခြင်း<br>• မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ၊ သမဝါ ယမ မှ စိုက်ပျိုးရေး ချေးငွေ ၊ပက်မြန်မာ မှချေးငွေ တို့ကို လက်လှမ်းမီခြင်း | • စိုက်ပျိုးရေးကုမ္ပဏီ များမှ ဓါတ်မြေဩ ဇာ၊ မျိုးစေ့ စသည် တို့ အတွက် လာရောက် ရင်းနှီး လုပ်ကိုင်ခြင်း မရှိသေး ပါ ။<br>• ချေးငွေကို အကန့်အသတ် ဖြင့်သာ ထုတ်ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံးနေခြင်း။ | • လုပ်ငန်းအပေါ်မူတည်၍ ချေးငွေပြန်လည်ပေးဆပ်မှု ပုံစံနှင့် ငွေပမာဏ သတ်မှတ်သော လုံလောက်သော ချေးငွေ ရရှိနိုင်မည့် အရင်းအမြစ်များ နှင့် ဆွေးနွေး တိုင်ပင်ခြင်း | ၅။ လုံလောက်သောချေးငွေ ပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည် ချေးငွေ ပေးနိုင် မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး<br>• အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့် ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထား များ ပြင်ဆင်ခြင်း |
| ၆ | • ဆင်းရဲသော အိမ်ထောင်စုများမှ မွေးမြူရေးအတွက်အရင်းအနှီး မရှိခြင်း | • မွေးမြူရေးအတွက် ချေးငွေမရနိုင်ခြင်း<br>• နေ့စဉ် ကုန်ကျစရိတ်များကို ကာမိအောင် ရှာဖွေ နေရခြင်း | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီတွင်မွေးမြူရေး အဖွဲ့ဖွဲ့စည်းထားခြင်း<br>• မွေးမြူရေး လုပ်ငန်း သည် ဆင်းရဲသား အိမ်ထောင်စုများနှင့် အကျွမ်းတဝင်ရှိခြင်း<br>• သဘာဝ အလျောက် တိရိစ္ဆာန်အစာ အလွယ် | • စွန့်စားလုပ်ကိုင်ရန် မဝံ့ရဲခြင်း<br>• စီးပွားဖြစ်မွေးမြူရေး နည်းစနစ်အားနည်း ခြင်း<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။ | | |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | | | တကူရရှိ နိုင်ခြင်း။<br>• ရောင်းချရန် ဈေးကွက် ရှိခြင်း | | | |
| ၇ | • ဝင်ငွေတိုးလုပ်ငန်း များအတွက် ငွေ အရင်းအနှီး မတတ် နိုင်ခြင်း | • လုံလောက်သော ရင်းနှီး ငွေ မရရှိခြင်း | • ဝင်ငွေရလုပ်ငန်း များ လုပ်ကိုင်ရန်စိတ်အား ထက်သန်ခြင်း | • အသက်မွေးဝမ်း ကြောင်း ပညာရပ် များ သင်ယူရန် အခွင့် အလမ်း နည်းခြင်း | | |
| **ကဏ္ဍ - ပညာရေးဆိုင်ရာ** | | | | | | |
| ၈။ | • အထက်တန်းပညာ အောင်မြင်မှု နည်း ခြင်း | • မူလတန်း၊ အလယ် တန်း ပညာများ မကျေညက်ခဲ့ခြင်း | • မိဘများမှ ကျောင်း သားများအား အောင်မြင် လိုစိတ် ရှိနေခြင်း | • မူလတန်း၊ အလယ် တန်း ပညာသင်ကြားမှု အခြေ အနေကိုအကဲဖြတ်တိုင်း တာသည့် လက်တွေ့ ဆောင်ရွက်ချက် အား နည်းခြင်း | • မူလွန်ကျောင်းမှဆရာ/မ များ စံနစ်တကျ အခြေခံ ကောင်းကောင်း သင်ကြား ရန်<br>• မိဘများမှဆရာ/မ များ နှင့်ပူးပေါင်းဆောင်ရွက်ရန်<br>• အသင်အပြကောင်းသော ဆရာ/မ များဖိတ်ခေါ်၍ စာ ဖတ်ဝိုင်းများပြုလုပ်ပေးရန် | ၆။ ကျေးရွာ၏ အထက်တန်း ပညာ တတ်မြောက်သူ ဦးရေ တိုးတက်လာရေး<br>• စာဖတ်ဝိုင်းများ ပြုလုပ် ခြင်း<br>• မိဘ၊ ဆရာများ ပူးပေါင်း ဆောင်ရွက်ခြင်း<br>• ပရိဘောဂပြုလုပ်ရန် ရန်ပုံငွေများ ရှာဖွေခြင်း |
| ၉။ | • ကျောင်းသုံး ပရိဘောဂ မလုံ လောက်ခြင်း | • စာရေးခုံ (၁၀/၁၅)ခန့် လိုအပ်နေခြင်း<br>• ခုံများဟောင်းနွမ်း နေခြင်း | • မြို့နယ်ပညာရေးဦးစီး ဌာနမှ ပံ့ပိုးနိုင်ရန် ချိတ် ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာအိမ်ထောင်စု များ မှ အချိုးကျကောက်ခံ နိုင်ခြင်း | • သီးနှံ အထွက်နှုန်း ကျ ဆင်းကာ ဝင်ငွေနည်း ပါး၍ ထည့်ဝင်မည့်ငွေ ရရှိရန် ခက်ခဲခြင်း | | |
| **ကဏ္ဍ - ကျန်းမာရေးဆိုင်ရာ** | | | | | | |
| ၁၀ | • ရာသီအလိုက် ဖြစ် ပွားသော ရောဂါ | • အသိပညာပေး အစီ အစဉ် နည်းခြင်း | • မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ် | • အများစုမှာ ပညာရေး နိမ့်ကျခြင်း | • အဟာရဆိုင်ရာ/စားသောက်မှု ပုံစံများကို အသိပညာ | ၇။ ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍတိုးတက်လာစေရေး |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | လက္ခဏာများကို တိကျသေချာစွာ မသိရှိကြခြင်း<br>• ငှက်ဖျား၊တုပ်ကွေး၊ သွေးလွန် တုပ်ကွေးရောဂါများ အဖြစ်များခြင်း | • အစားအသောက် သန့်သန့်ရှင်းရှင်း စားသောက်မှု ပုံစံမရှိခြင်း<br>• တိရိစ္ဆာန်များသပ်သပ်ရပ်ရပ်မွေးမြူမှု အားနည်းခြင်း<br>• ကျန်းမာရေးအသိပညာနည်းပါးခြင်း | အတွင်း ကျန်းမာရေး ဟောပြောပွဲများ၊ သင်တန်းများဆောင်ရွက်နေခြင်း<br>• World Vision ကဲ့သို့ အဖွဲ့အစည်းများရှိနေခြင်း | • ကိုယ်တိုင်ကြုံမှသာ စိတ်ဝင်စားခြင်း | ပေးဟောပြောပွဲများပြုလုပ်ရန် | • မြို့နယ်ကျန်းမာရေး ဦးစီးဌာန နှင့် ချိတ်ဆက်၍ အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း |
| **ကဏ္ဍ - အခြေခံအဆောက်အဦးဆိုင်ရာ** | | | | | | |
| ၁၁ | • ကျောက်ခင်းလမ်း အချို့နေရာများ၌ ပျက်ဆီး၍ ရေတင်နေခြင်း | • လမ်း၏ သက်တမ်းကြာမြင့်လာခြင်း<br>• ထော်လာဂျီယဉ်များ သွားလာခြင်း | • လမ်းခင်းကျောက် အလွယ် တကူရနိုင်ခြင်း<br>• ကျေးရွာသားများ စိတ်အားထက်သန်နေခြင်း | • လမ်းခင်းသည့်အတွေ့အကြုံမရှိခြင်း<br>• သက်ဆိုင်ရာ ဌာန မှ ပံ့ပိုးမှု နည်းနေခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာမှ လုပ်အားပါဝင်ခြင်း<br>• ရန်ပုံငွေရှာဖွေ၍ ပြင်ဆင်ခြင်း | ၈။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုး တက်လာစေရေး<br>• ကျောက်ခင်းလမ်း ပြန်လည်ပြင်ဆင်ရေး။ |
| **ကဏ္ဍ- လျှပ်စစ်မီးရရှိရေး** | | | | | | |
| ၁၂ | • လျှပ်စစ်မီးမရှိခြင်း | • ကျေးရွာ၌ ရန်ပုံငွေ မရှိခြင်း<br>• အစိုးရစီမံကိန်း မရောက်ရှိသေးခြင်း | • ဆိုလာမီးများ အသုံးပြုနိုင်ခြင်း<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာနမှ ကျေးလက် မီးလင်းရေး စီမံကိန်း များ ဆောင်ရွက်နေခြင်း | • မီးလိုင်းများသွယ် တန်းရန် ဝေးကွာ လွန်းခြင်း | • ကျေးရွာမှ မီးလင်းရေး ကော်မတီ ဖွဲ့စည်းပြီး ငွေကြေးစုဆောင်းရန်<br>• အစိုးရဌာန နှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း | ၉။ ကျေးရွာမီးလင်းရေး<br>• မီးလင်းရေး ကော်မတီ ဖွဲ့စည်းခြင်း<br>• ဆိုလာမီးရရှိရေး အတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြရန်။ |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ-လူငယ်ဆိုင်ရာ** | | | | | | |
| ၁၃ | • လူငယ်များ ရပ်ရွာကိစ္စရပ်များတွင် ဦးဆောင်နိုင်သည့် အရည်အချင်း မပြည့်ဝခြင်း | • ပြင်ပ ဗဟုသုတ လေ့လာမှု အားနည်းခြင်း<br>• သင်ကြားလေ့ကျင့်ပေးမည့်သူမရှိခြင်း | • ကျေးရွာ အတွင်း၌ လူငယ်များ ညီညွတ်စွာ ရှိနေခြင်း<br>• သင်ယူလိုစိတ်ရှိနေခြင်း | • မိမိကိုယ်ကို မယုံကြည်ခြင်း<br>• ပညာအရည်အချင်း နည်းပါးခြင်း | • လူငယ့်စွမ်းရည်များမြှင်တင်ခြင်းနှင့် သက်ဆိုင် သော ဌာန များ၊ အဖွဲ့ အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | ၁၀။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး<br>• ခေါင်းဆောင်မှု သင်တန်း<br>• စီမံခန့်ခွဲမှု သင်တန်း<br>• လူမှု ဆက်ဆံရေး သင်တန်း |